# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်၊ သောကြာနေ့။ Friday, 24 September 2021 ၁၀၅၀၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တရားမဝင်အကြမ်းဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များနှင့် ထိတွေ့ဆောင်ရွက်ခြင်းနှင့် အားပေးအားမြှောက်ပြုခြင်းမှ ရှောင်ကြဉ်ရန် နိုင်ငံတကာအသိုက်အဝန်းကို ထပ်လောင်းတောင်းဆို

### သတင်းထုတ်ပြန်ချက်

Annual Ministerial Meeting on the Responsibility to Protect အမည်ရှိ အစည်းအဝေးကို ၂၀-၉-၂၀၂၁ ရက်တွင် (၇၆)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံပြင်ပ၌ ကျင်းပခဲ့ပြီး Global Center for Responsibility to Protect (GCR2P)အဖွဲ့က ယင်းအစည်းအဝေးကို ဦးဆောင်ပြုလုပ်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက သိရှိရသည်။ အဆိုပါအစည်းအဝေးသို့ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခံရပြီး နိုင်ငံတော်သစ္စာဖောက်ဖျက်မှုဖြင့် တရားရင်ဆိုင်နေရသည့် ကျော်မိုးထွန်း ပါဝင်တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်လုပ်ဆောင်နေသည့်အတွက်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆



လေညာ-ရတနာပုံလမ်းကို တွေ့ရစဉ်။

## လမ်း၊ တံတားများစွာဖြင့် ဖွံ့ဖြိုးဝေစည်နေသည့် တိုင်းဒေသကြီး တနင်္သာရီ

တနင်္သာရီတိုင်းဒေသကြီးသည် ပင်လယ်ကမ်းမြောင်ဒေသဖြစ်ပြီး မြစ်ချောင်းနှင့်ကျွန်းများ ပေါများသည်။ တိုင်းဒေသကြီးကို ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ ကော့သောင်းခရိုင် သုံးခရိုင်ဖြင့် ဖွဲ့စည်းထားသည်။ ခရိုင်များထဲတွင် ထားဝယ်ခရိုင်သည် ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအား တရားဝင်အတည်ပြုချိန်မှစ၍ သတ်မှတ်ထားသော တနင်္သာရီတိုင်းအတွင်း ပါဝင်သည်။ လူများ စတင်နေထိုင်သည်မှာ နှစ်ပေါင်း ၄၀၀၀ ကျော်ရှိပြီဖြစ်သော်လည်း အမှန်စင်စစ် တနင်္သာရီတိုင်းသည် ၁၈၂၄ ခုနှစ် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲပြီးချိန်နောက်ပိုင်းမှ စတင်ခေါ်ဝေါ်ခဲ့ပြီး ထားဝယ်၊ မြိတ် စသည်တို့မှာ ယခင်ကပင် ထင်ရှားကျော်ကြားခဲ့သည့် မြို့များဖြစ်သည်။ တနင်္သာရီတိုင်းတွင် သာဂရမြို့ဟောင်းသည် ရှေးအကျဆုံး မြို့ဟောင်းဖြစ်ပြီး ထားဝယ်မြို့အား ခေါ်ဝေါ်ခြင်းဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ○

### ကြေးမုံ ယနေ့ ဖတ်စရာ


**ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း**

စာမျက်နှာ » ၃

**လေထဲကအန္တရာယ်တွေနဲ့ မြန်မာ့အနာဂတ် အခက်မကြုံရလေအောင် . . .**

စာမျက်နှာ » ၆

**ကမ္ဘာတစ်ဝန်း၌ လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ် လူပေါင်းခုနစ်သန်း သေဆုံးလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြောကြား**

စာမျက်နှာ » ၁၁





## ပျူခေတ် အမျိုးသား၊ အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုပုံများဖြင့် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်နှစ်မျိုး ရောင်းချပေးမည်

နေပြည်တော် စက်တင်ဘာ ၂၃

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ပြန်လည်ဖော်ထုတ်သည့် အနေဖြင့် ခေတ်အဆက်ဆက် မြန်မာအမျိုးသားများနှင့် အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုများကို အများပြည်သူများနှင့် မျိုးဆက်သစ်လူငယ်များ ပိုမိုအလေးထားလေ့လာမှတ်သားနိုင်စေရန် ရည်ရွယ်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ ပျူခေတ် အမျိုးသား/အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုပုံများဖြင့် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ၂၀၀ ကျပ်တန် နှစ်မျိုးကို စက်တင်ဘာ ၂၇ရက် (မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး / ပြည်နယ်များရှိ စာတိုက်များတွင် ရောင်းချပေးသွားမည်ဖြစ်သည်။







အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် စက်တင်ဘာ ၂၇ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများ ပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည် ဖြစ်သည်။

ဆက်လက်၍လည်း ပုဂံခေတ်နှင့် အင်းဝခေတ် မြန်မာအမျိုးသားများနှင့် အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုများကို ထုတ်ဝေရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၃ - ၉ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၈၀၀ | ၁,၂၇၂ | ၁၁,၁၉၃,၆၀၀ |
| MTSH | ၃,၁၀၀ | ၃,၀၅၀ | ၁၂,၁၂၇ | ၃၇,၅၆၉,၂၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၃ | ၂၄,၀၀၀ |
| FPB | ၂၀,၅၀၀ | ၂၀,၅၀၀ | ၂ | ၄၁,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| EFR | ၃,၀၀၀ | ၂,၈၅၀ | ၆၀၀ | ၁,၇၃၆,၅၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၄၇၄ | ၂,၃၇၀,၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၂၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၅၅.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၅၇.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၁.၇၈ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၂.၈၄၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၉.၇၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၈၃၁ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၇၆.၇ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၀၁.၄ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၉၆.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၉.၇၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်

## ကြေးမုံ

### နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အစွမ်းကုန်ကြိုးပမ်း

နိုင်ငံတော်တွင် ကိုယ်ပိုင်ဘဏ္ဍာငွေ တောင့်တင်းခိုင်မာမှသာ တိုင်းပြည်နှင့်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်တိုးတက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ တိုင်းပြည်ဘဏ္ဍာငွေ မတောင့်တင်းသဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (LDC) ဘဝသို့ ရောက်ခဲ့သည်။ နိုင်ငံ့ဘဏ္ဍာငွေ မတောင့်တင်းသဖြင့် ပြည်ပချေးငွေ ရယူနေရခြင်းသည် ဆင်းရဲတွင်းနက်စေသည်။ နိုင်ငံ့ဘဏ္ဍာငွေ တောင့်တင်းလာပါက ပြည်ပချေးငွေရယူမှုမှာလည်း လျော့နည်းလာပြီး တိုင်းပြည်လည်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

တိုင်းပြည်ဘဏ္ဍာငွေ တောင့်တင်းခိုင်မာရန်အတွက် အခွန်အကောက်များ ပြည့်ပြည့်ဝဝရရှိရေးနှင့် သဘာဝသယံဇာတကဏ္ဍမှ ရငွေများ၊ နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုများမှ ရငွေများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ နိုင်ငံတော်သို့ထည့်ဝင်ငွေများကို စနစ်တကျစီမံဆောင်ရွက်ရသည်။ မြန်မာနိုင်ငံတွင် နိုင်ငံပိုင်အခန်းကဏ္ဍမှာ များစွာရှိနေသဖြင့် နိုင်ငံတော်၏တာဝန်ယူမှုအပိုင်းမှာ ကြီးမားကျယ်ပြန့်နေသည်။ ထို့ကြောင့် နိုင်ငံ့ဘဏ္ဍာတောင့်တင်းခိုင်မာရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြသလို တစ်ဖက်တွင် အလေအလွင့်အချည်းအနှီးမဖြစ်စေရေး စနစ်တကျဆောင်ရွက်ကြရသည်။ နိုင်ငံ၏အမျိုးသားစီမံကိန်းများအောင်မြင်အောင် တက်ညီလက်ညီအကောင်အထည်ဖော်ဆောင်ရွက်ကြရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေး (၁/၂၀၂၁) တွင် "ယခု(၆)လ အမျိုးသားစီမံကိန်းသည် နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများ ပြန်လည်ရှင်သန်ပြီး ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် ရည်ရွယ်ပါကြောင်း၊ ထို့ကြောင့် ယခု (၆) လ စီမံကိန်းကာလတွင် ကဏ္ဍအလိုက်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လျာထားခဲ့သည့် ရည်မှန်းချက်များပြည့်မီရေးကို အထူးကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပြီး ထိုသို့ဆောင်ရွက်မှသာလျှင် ကာလတိုအတွင်း လျင်မြန်ထိရောက်သည့်ရလဒ် (Quick Win) ကို ရရှိမည်ဖြစ်ကြောင်း" မှာကြားခဲ့သည်။ တစ်ဆက်တည်းတွင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေး(၁/၂၀၂၁)၌ "မိမိတို့အတွက် အသုံးစရိတ်များကို အတတ်နိုင်ဆုံးချွေတာခြင်း၊ ပကာသနများမပြုလုပ်ခြင်းနှင့် ရသင့်ရထိုက်သည့် အခွန်များ ရရှိအောင်ဆောင်ရွက်ခြင်းသည် တိုင်းပြည်ဘဏ္ဍာရေး အားကောင်းမှုကို များစွာအထောက်အကူဖြစ်စေမည်"ဟု မှာကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို စတင်တာဝန်ယူခဲ့ပြီး ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို မူဝါဒအဖြစ်ချမှတ်ကာ နိုင်ငံဖွံ့ဖြိုးရေးကို အခက်အခဲများ၊ စိန်ခေါ်မှုများကြားမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေကို ပြန်လည်သုံးသပ်ကြည့်ပါက ၂၀၂၀ ပြည့်နှစ် မတ်လတွင် စတင်ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ခရီးသွားလုပ်ငန်းအပါအဝင် ဝန်ဆောင်မှုလုပ်ငန်းများ၊ အသေးစား၊ အလတ်စားလုပ်ငန်းများနှင့် အချို့သော ကုန်ထုတ်လုပ်ငန်းများ ရပ်ဆိုင်းခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည်များ ကျဆင်းခဲ့သည်။ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် တတိယ သုံးလပတ်မှစတင်ကာ နိုင်ငံ၏စီးပွားရေး ကျဆင်းမှုဖြစ်ပေါ်လာခဲ့ပြီး ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်အထိ နိုင်ငံ့စီးပွားရေးအခြေအနေ ဆက်လက်ကျဆင်းနေသည်။ ထို့ကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ အခွန်ဘဏ္ဍာငွေများရရှိရေး၊ နိုင်ငံ့စီးပွားရေး စီမံကိန်းများအောင်မြင်ရေး၊ ခြိုးခြံချွေတာရေးတို့ကို သက်ဆိုင်ရာဌာနများက ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် စက်မှုလက်မှုလုပ်ငန်းများအား မြှင့်တင်အားပေးဆောင်ရွက်ကြရန်လိုအပ်ပြီး အဆိုပါလုပ်ငန်းများကို ထိရောက်အောင်ဆောင်ရွက်နိုင်ပါက တိုင်းပြည်စီးပွားရေး မလွဲမသွေဦးမော့လာမည်ဖြစ်သည်။ ကိုဗစ်-၁၉ ကြောင့် ပိတ်ထားရသည့် စက်ရုံ၊ အလုပ်ရုံများကို ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် စက်ရုံများ စွမ်းအားပြည့် လည်ပတ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများသည် စိန်ခေါ်မှုများစွာရှိရာတွင် ကိုဗစ်-၁၉ ရောဂါကြောင့် နိုင်ငံတိုင်းလိုလို စီးပွားရေးကျဆင်းလျက်ရှိသည်။ သို့သော် ကမ္ဘာ့နိုင်ငံများနှင့်အတူ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးမှုပန်းတိုင်များ ၂၀၁၅-၂၀၃၀ ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာနိုင်ငံအနေဖြင့် အတည်ပြုထားပြီးဖြစ်၍ နိုင်ငံများနှင့်လက်တွဲကာ စီးပွားရေးတိုးတက်လာအောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးအတွက် သက်ဆိုင်ရာဌာနများအား ဘဏ္ဍာငွေများ ခွဲဝေချထားပေးပြီးဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့ကို လက်တွေ့အကောင်အထည်ပေါ်ရန်အတွက် မိမိတို့ကျရာကဏ္ဍအလိုက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံ၏ဂုဏ်သိက္ခာနှင့်အညီ ဆောင်ရွက်

မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံတကာနှင့် ဆက်ဆံရာတွင် နိုင်ငံ၏ဂုဏ်သိက္ခာနှင့်အညီ ဆောင်ရွက်နေခြင်းကို အချို့သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက မျက်ကွယ်ပြု၍ဆောင်ရွက်နေကြကြောင်း၊ ပြည်ပနိုင်ငံများနှင့် နယ်နိမိတ်ထိစပ်နေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် နယ်စပ်ဒေသဆက်ဆံရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ဂုဏ်သိက္ခာကို ထိန်းသိမ်းပြီး နိုင်ငံတကာ ကတိကဝတ်၊ သဘောတူညီချက်များနှင့်အညီ ပြောဆိုပြုမူဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံ၏ ဂုဏ်သိက္ခာကို ထိခိုက်စေမည့် ကိစ္စရပ်များကို ရှောင်ရှားကြရန် လိုအပ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၂၅/ ၂၀၂၁
၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၅ တွင် –

(က) ပုဒ်မခွဲ (ဒ)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(ဒ) သန့်ရှင်း၊ သာယာ၊ လှပသည့် မြို့တော်ကြီးဖြစ်လာစေရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို အများပြည်သူက လိုက်နာစေရေး တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများ၊ အဖွဲ့အစည်းများအား ဆုငွေချီးမြှင့်ခြင်း၊"

( ခ ) မူလပုဒ်မခွဲ(ဒ)ကို ပုဒ်မခွဲ(ဓ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၃။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၆ နှင့် ၂၇ တို့ကို ပယ်ဖျက်ရမည်။

၄။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၃၃၂၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(က) ကော်မတီသည် ဤဥပဒေအရ မိမိတာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီ တောင်းခံရယူရမည်။ ထိုကဲ့သို့ တောင်းခံလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့က အကူအညီပေးရမည်။"

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်–

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ (ကျော်စွာ) ပြန်လည်လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၂၃**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍအတွက် လိုအပ်သော ဓာတ်မြေသြဇာ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ) ပြန်လည်လည်ပတ်၍ ဓာတ်မြေသြဇာထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ စက်ရုံလည်ပတ်နိုင်ရန် လိုအပ်သော သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ပြုပြင်ခြင်းနှင့် စက်ရုံပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးနှင့် တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး လုပ်ငန်းခွင်ဆောင်ရွက်နေမှုတို့ကို Virtual စနစ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ရေးဦးစွာ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မင်းနှင့် အမှတ် (၃) ဓာတ်မြေသြဇာစက်ရုံ (ကျော်စွာ)၏ စက်ပစ္စည်းများစစ်ဆေးပြုပြင်နေမှုတို့ကို မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မြင့်က လည်းကောင်း၊ ကျော်စွာဓာတ်မြေသြဇာစက်ရုံ၏ စက်ပစ္စည်းစစ်ဆေးပြုပြင်နေမှုများကို စက်ရုံမှူးက လည်းကောင်း ရှင်းလင်းတင်ပြသည်။

**ရပ်ဆိုင်းစက်ရုံစာရင်းမှ ပယ်ဖျက်နိုင်ရေး**

ပိုက်လိုင်းများပြုပြင်ဆက်သွယ်ခြင်းလုပ်ငန်းနှင့် ဓာတ်မြေသြဇာစက်ရုံ၏ စက်ပစ္စည်းစစ်ဆေးပြုပြင်နေမှုများအတွက် တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက အမှတ် (၃) ဓာတ်မြေသြဇာစက်ရုံ (ကျော်စွာ) ပြင်ဆင်ရေးကို စတင်ဆောင်ရွက်နေပြီဖြစ်၍ ရပ်ဆိုင်းစက်ရုံစာရင်းမှ ပယ်ဖျက်နိုင်ရေး လုပ်ငန်းစဉ်များကို အမြန်ဆုံးဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးကို အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ စက်ရုံ၏ စက်ပစ္စည်းယန္တရားသာမက ကုန်ထုတ်လုပ်မှုနှင့် သက်ဆိုင်သော အဆောက်အအုံများကိုလည်း အသေးစိတ်စစ်ဆေးရန်လိုကြောင်း၊ မဖြစ်မနေ ဆောင်ရွက်ကြရမည့် မြို့ပြလုပ်ငန်းများကိုလည်း စိစစ်ပြင်ဆင်ရန်လိုကြောင်း၊ ဝန်ထမ်းအင်အား၊ စက်ယန္တရား လိုအပ်ချက်များကိုလည်း စက်ရုံလည်ပတ်နိုင်သည့် အခြေအနေအထိ စဉ်းစား၍ ကြိုတင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပိုက်လိုင်းပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် သီးနှံယာခင်းများ ဖြတ်သန်းမှုရှိပါက သေချာညှိနှိုင်း၍ သီးနှံလျော်ကြေးပေးဆောင်ရေး စီမံထားရန်လိုကြောင်း၊ နိုင်ငံတော်တွင်လိုအပ်သည့် ဓာတ်မြေသြဇာ ဖြည့်ဆည်းနိုင်ရေးကို ရည်ရွယ်ကာ လုပ်ငန်းများ အမြန်ပြီးစီးအောင် ကြိုးစားလုပ်ကိုင်ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

**ပြန်လည်လည်ပတ်နိုင်ရေး**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် လိုအပ်သော ဓာတ်မြေသြဇာဖြည့်တင်းနိုင်ရန် ရည်ရွယ်၍ အမှတ် (၃) ဓာတ်မြေသြဇာစက်ရုံ (ကျော်စွာ)ကို ပြန်လည်လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ဓာတ်မြေသြဇာလိုအပ်ချက်ကို အထိုက်အလျောက်ဖြည့်ဆည်းနိုင်ရေး အမှတ် (၄) ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ) နှင့် အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်) တို့ လည်ပတ်ထုတ်လုပ်လျက်ရှိပြီး နွေစပါးအတွက် လိုအပ်သော ဓာတ်မြေသြဇာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဖြူးပေးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၆)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံနှင့် ဆက်စပ်ကျင်းပသည့် အာဆီယံ-အမေရိကန်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပ

## CRPH နှင့် NUG တို့မှ ကျူးလွန်လျက်ရှိသည့် အကြမ်းဖက်လုပ်ရပ်များကို ရှုတ်ချသွားရန် အမေရိကန်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်း



**နေပြည်တော် စက်တင်ဘာ ၂၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့တွင် (၇၆)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံနှင့် ဆက်စပ်ကျင်းပသည့် အာဆီယံ-အမေရိကန်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်မှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့သည်။

**တက်ရောက်**

အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး Retno L.P. Marsudi နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Antony Blinken တို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် တာဝန်ယူခဲ့ကြပြီး အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံနှင့် အမေရိကန်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ကိုဗစ်-၁၉ ကာကွယ်တိုက်ဖျက်ရေး၊ အာဆီယံ-အမေရိကန် ပူးပေါင်းဆောင်ရွက်မှုနှင့် ဒေသတွင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ကိုဗစ်-၁၉ ကာကွယ်တိုက်ဖျက်ရေးတွင် နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် အရေးကြီးကြောင်း၊ အာဆီယံ၏ ကိုဗစ်-၁၉ ကာကွယ်တိုက်ဖျက်ရေး ကြိုးပမ်းမှုတွင် အမေရိကန်နိုင်ငံ၏ ကူညီထောက်ပံ့မှုများအပေါ် ကျေးဇူးတင်ကြောင်း၊ အကူအညီများ ထပ်မံပေးအပ်သွားရန် တိုက်တွန်းကြောင်းနှင့် အာဆီယံပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်(IAI)ကိုလည်း ဆက်လက်ကူညီပံ့ပိုးသွားရန် တိုက်တွန်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံနှင့်ပတ်သက်၍ နိုင်ငံတွင်းလုံခြုံရေးအခြေအနေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် မြန်မာနိုင်ငံပြည်သူလူထုအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရေးအတွက် အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်နေမှုအပါအဝင် အာဆီယံနိုင်ငံ့ခေါင်းဆောင်များအစည်းအဝေး၏ သဘောတူညီချက်(၅)ချက်အား အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးပြောကြားခဲ့သည်။

**တရားဝင်မှုမရှိ**

CRPH နှင့် NUG တို့မှ ကျူးလွန်လျက်ရှိသည့် အကြမ်းဖက်လုပ်ရပ်များကို ရှုတ်ချသွားရန် ပြည်ထောင်စုဝန်ကြီးက အမေရိကန်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို တိုက်တွန်းခဲ့သည်။ ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများတွင် ယင်းအဖွဲ့များမှ ကိုယ်စားလှယ်များ ကိုယ်စားပြုမှု လုပ်ဆောင်မှုများသည် တရားဝင်မှုမရှိကြောင်းနှင့် လက်မခံနိုင်ကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

---

**☆ ရှေ့ဖုံးမှ**

အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် NUG ခေါ် အဖွဲ့ကို ကိုယ်စားပြု၍ မိန့်ခွန်းပြောကြားခဲ့ခြင်းဖြစ်၍ ၎င်း၏ ပါဝင်တက်ရောက်မှုသည် မြန်မာနိုင်ငံကို ကိုယ်စားပြုခြင်းမရှိကြောင်းနှင့် ၎င်းကိုယ်တိုင်သည်လည်း အကြမ်းဖက်အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း ထင်ရှားသည့် အထောက်အထားပင်ဖြစ်ကြောင်း ထပ်လောင်းဖော်ပြအပ်သည်။ ထို့အပြင် ၎င်း၏မိန့်ခွန်းတွင် အစိုးရဆန့်ကျင်သည့် အသိုက်အဝန်းမှ မမှန်မကန် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များပါဝင်ပြီး၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးစေကာ ပြည်ပစွက်ဖက်မှုကို ဖိတ်ခေါ်နေသည့် လက်ခံနိုင်ဖွယ်မရှိသော အချက်အလက်များ ပါဝင်နေသည်။

၎င်းကို ပါဝင်တက်ရောက်ခွင့်ပြုသည့် နိုင်ငံများနှင့် အဖွဲ့အစည်းများ၏ အပြုအမူကို မြန်မာနိုင်ငံက ပြင်းထန်စွာ ကန့်ကွက်ပယ်ချပြီး ယင်းသို့ ဆောင်ရွက်ချက်များသည် မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုများနှင့် မတည်ငြိမ်မှုများဖြစ်ပေါ်စေရန် လှုံ့ဆော်အားပေးရာရောက်ကြောင်း သတိပေးအပ်သည်။ သို့ဖြစ်၍ ယင်းကဲ့သို့ တရားမဝင်အကြမ်းဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များနှင့် ထိတွေ့ဆောင်ရွက်ခြင်းနှင့် အားပေးအားမြှောက်ပြုခြင်းမှ ရှောင်ကြဉ်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနက နိုင်ငံတကာအသိုက်အဝန်းကို ထပ်လောင်း တောင်းဆိုသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်**

---

# မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမည့်ဝါကေ ၁ ဒသမ ၈ သိန်းအတွက် ဝါမျိုးကောင်းမျိုးသန့်များ လုံလောက်မှုရှိ



**မန္တလေး စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ဝါသီးနှံဧကများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် ဝါမျိုးကောင်းမျိုးသန့်များ လွှမ်းခြုံနိုင်ရေးအတွက် ရည်ရွယ်၍ ဝါသီးနှံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၁ နံနက်ပိုင်းက မိတ္ထီလာခရိုင်၌ ကျင်းပသည်။

**ညှိနှိုင်းဆွေးနွေး**

အဆိုပါ ဝါသီးနှံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ်ဦးစီးမှူးများ၊ ခြံတာဝန်ခံများ၊ ဝါစိုက်တောင်သူများနှင့် လုပ်ငန်းရှင်စုစုပေါင်း ၄၇ ဦး တက်ရောက်ဆွေးနွေးခဲ့ကြောင်း၊ တက်ရောက်လာသူများက ခိုင်မာသည့် ဝါဈေးကွက်များရရှိရေး၊ အထွက်နှုန်းကောင်းပြီး ဈေးကွက်ဝင်သော ဝါမျိုးကောင်းမျိုးသန့်များ ရရှိစိုက်ပျိုးနိုင်ရေးညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးမှူး ဦးစိုင်းသန်းအောင်က ယခုနှစ်မိုးနှောင်းတွင် တိုင်းဒေသကြီးအတွင်း ဝါအထူးဇုန်ဧက ၂၇၈၂ ရှိပြီး ရုံးချုပ် Quick Win အစီအစဉ်ဖြင့် ၄၇၅ ဧကပံ့ပိုးထားသဖြင့် ၂၀၂၂-၂၀၂၃ မိုးတွင် စိုက်ပျိုးမည့်ဧက ၁ ဒသမ ၈ သိန်းအတွက် ဝါမျိုးကောင်းမျိုးသန့်များ လုံလောက်မှုရှိမည်ဖြစ်ကြောင်း၊ ဝါစိုက်တောင်သူအသင်းအဖွဲ့များ သမဝါယမအသင်းများ၊ မျိုးစေ့ထုတ်တောင်သူအသင်းများ ဖွဲ့စည်းနိုင်ရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

---

# စားအုန်းဆီများ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စားသုံးသူပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စားအုန်းဆီများကို စက်တင်ဘာ ၂၀ ရက်မှ စတင်ရောင်းချလျက်ရှိရာ ယနေ့ထိ ရန်ကုန်တိုင်းဒေသကြီးအတွင်း စားအုန်းဆီပိဿာ ၃၈၇၂၀၀ ၊ တန်ချိန် ၆၃၃ တန်ရောင်းချခဲ့ပြီးဖြစ်သည်။

ရန်ကုန်မြို့အတွင်းရှိ စားသုံးသူများအတွက် အသင်း၏ အစီအစဉ်ဖြင့် ရပ်ကွက်များသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်များသို့လည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ စားအုန်းဆီများကို လက်ကားဝယ်ယူရောင်းချသူများအနေဖြင့် လက်လီအရောင်းဆိုင်များတွင် အသားတင် အကျိုးအမြတ် (၂ ရာခိုင်နှုန်း)ထက် မပိုသည့်ဈေးနှုန်းဖြင့် စားသုံးသူပြည်သူများသို့ ပြန်လည်ဖြန့်ဖြူးရောင်းချသွားရမည်ဖြစ်ပြီး စားသုံးသူ ပြည်သူများသို့ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချပေးမည့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အမှတ်(၁၀၄/ ၁၀၈) ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် (ဆင်မင်းအိမ်ရာဓမ္မာရုံရှေ့) အလုံမြို့နယ်၊ ဖုန်း- ၀၉-၄၄၄၄၃၇၂၉၅၊ ၀၉ -၄၀၁၅၂၇၀၄၉ နှင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန ဖုန်း-၀၁-၂၅၀၂၇၀၊၀၉-၄၃၆၆၆၆၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းဘဝကို ဂုဏ်ယူ၍ တာဝန်ကျေပွန်ကြရန်နှင့် ပြည်သူ့အကျိုးပြု ပြန်ကြားရေးလုပ်ငန်းများ အလေးထားဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ စဉ့်ကိုင်မြို့နယ်၊ တံတားဦးမြို့နယ်နှင့် မြစ်သားမြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများအား လည်းကောင်း၊ ဝမ်းတွင်းမြို့နယ်ရုံး၌ မြို့နယ်ဝန်ထမ်းများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အတူ လည်းကောင်း တွေ့ဆုံသည်။

**ဝန်ထမ်းများနှင့်တွေ့ဆုံ**

ထို့နောက် မိတ္ထီလာခရိုင်ရုံး၌ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ သာစည်မြို့နယ်နှင့် မလှိုင်မြို့နယ်တို့မှ ဦးစီးမှူးများအား တွေ့ဆုံပြီး မိတ္ထီလာထပ်ဆင့်လွှင့်စက်ရုံအား ဝင်ရောက်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ယင်းနောက် ပျော်ဘွယ်မြို့နယ်ရုံးတွင် လည်းကောင်း၊ ဆက်လက်၍ ရမည်းသင်းခရိုင်ရုံးတွင်လည်းကောင်း ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ညနေပိုင်းတွင် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးကို ဝင်ရောက်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းဘဝကို အလေးထားဂုဏ်ယူပြီး တာဝန်ကျေပွန်အောင် ထမ်းဆောင်ရန်၊ ပြည်သူများအား အသိပညာပေးလုပ်ငန်းများကို အကျိုးရှိအောင် ကြိုးစားဆောင်ရွက်ကြရန်၊ လက်ရှိအခြေအနေတွင် အရေးကြီးဆောင်ရွက်နေသော ကိုဗစ်ရောဂါကာကွယ်ထိန်းသိမ်းကုသရေး၊ ကာကွယ်ဆေးထိုးနှံကြရေး၊ အဖျက်အမှောင့်အကြမ်းဖက်လုပ်ငန်းများ လျော့နည်းပပျောက်အောင် ပြည်သူလူထုက ပူးပေါင်းပါဝင်လာကြရေးတို့ကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားကြရန်၊ ယခုအခါ ပြည်သူလူထု၏ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်မှု တိုးတက်ကောင်းမွန်လာသဖြင့် ကိုဗစ်ရောဂါကူးစက်ပြန့်ပွားမှုမှာ သိသိသာသာ လျော့နည်းသွားပြီး ဆူပူအကြမ်းဖက်မှုများကိုလည်း နေ့စဉ် ရှာဖွေဖော်ထုတ်မှုများ ပိုမိုလုပ်ဆောင်နိုင်လာသဖြင့် မကြာမီ နိုင်ငံတော်တွင် အဘက်ဘက်မှတိုးတက်လာပြီး တည်ငြိမ်အေးချမ်းလာတော့မည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့် အဆောက်အအုံနှင့် စက်ပစ္စည်းများ လျော့နည်းပျောက်ဆုံးမှုမရှိရေး လုံခြုံရေးဂရုပြုလုပ်ဆောင်ကြရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# (၄၄) ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် ပြန်ကြားရေးဝန်ကြီးဌာနက အလှူငွေ ကျပ်သိန်း ၁၀၀ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ (၄၄)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းခြင်းကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အလှူငွေများကို ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကကြီးများနှင့် အမှုဆောင်များက လက်ခံရယူကြပြီး နာယကကြီးများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ လှူဒါန်းရရှိသော ငွေကျပ်သိန်း ၁၀၀ ကို အသက် ၇၀ နှင့်အထက် သက်ကြီးရုပ်ရှင်ပညာရှင် ၁၄၉ ဦးအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး စီစဉ်မှုဖြင့် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။


ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို မြန်မာ့ရုပ်ရှင်နေ့ အထိမ်းအမှတ်ဖြစ်သော အောက်တိုဘာ ၁၃ ရက်တွင် နှစ်စဉ်ကျင်းပလျက်ရှိပြီး ယခုနှစ်တွင်လည်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**FDC**

## ရွှေသွေးဂျာနယ် ထွက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




စက်တင်ဘာ ၂၅ ရက် စနေနေ့တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ပိုးနားသန်ကောင်ကြီးစီး၍ အပျော်ခရီးထွက်ခဲ့ကြသည့် တောတွင်းတိရစ္ဆာန်လေးများ၏ လမ်းတွင်ကြုံတွေ့ခဲ့ရသော အခက်အခဲများကို တက်ညီလက်ညီ ဖြေရှင်းကြကာ လိုရာခရီးကို ရောက်သွားပုံအကြောင်းကို ဆရာမသီရိက အတုယူဖွယ်ရေးဖွဲ့ထားပြီး ကာတွန်းမောင်မောင်လေး ရေးဆွဲထားသည့် "ရထားနီကြီး ပျော်ပျော်စီး" မျက်နှာဖုံးဇာတ်လမ်း၊ လူတို့၏ကျန်းမာရေးအတွက် စားသုံးပေးသင့်သော ထောပတ်သီးတွင်ပါဝင်သည့် အာဟာရဓာတ်များအကြောင်းကို ဗဟုသုတဖြစ်ဖွယ် ရေးဖွဲ့ထားသည့် "ကျန်းမာရေးအတွက် အထောက်အပံ့ကောင်းဖြစ်စေသည့် ထောပတ်သီး" သုတဆောင်းပါး၊ မြန်မာစကားပုံများကို ကလေးများလေ့လာနိုင်ရန် တင်ဆက်ထားသည့် "ရှစ်စပ်ကလည်သည့်လူ" စကားပုံ၊ မိမိ၏ထင်မြင်ယူဆချက်ကြောင့် သူတစ်ပါး၏ စေတနာကို အပြစ်မြင်မိပုံကို သတိပြုဆင်ခြင်ဖွယ် တင်ဆက်ထားသည့် "အထင်မှား" နှစ်မျက်နှာကာတွန်း၊ မိမိဘဝအတွက် အသက်မွေးဝမ်းကျောင်းပြုရာ၌ သူတစ်ပါး၏ ဥစ္စာပစ္စည်းကို ပျက်စီးစေမည့် ကိစ္စရပ်များ မပြုလုပ်သင့်ပုံကို ပညာပေးတင်ဆက်ထားသည့် ဆရာမောင်ဇော်လတ် (ကျေးတောမြေ)၏ "ရောင့်ရဲတတ်ပါ" ပုံပြင်၊ သူ၏မောင်လေးကို သူတစ်ပါးပစ္စည်းကို ပိုင်ရှင်မသိဘဲ မယူရန် ဆုံးမနေသော ဖူးဖူးနှင့် ဖြတ်ထိုးဉာဏ်ကောင်းသော ပြူးကျယ်တို့ မောင်နှမအကြောင်းကို တင်ဆက်ထားသည့် ကာတွန်းကိုသန့်၏ "ဖူးငယ်နှင့် ပြူးကျယ်" နှစ်မျက်နှာကာတွန်း၊ နာမ်စား (Pronoun)များအကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် "ရွှေသွေး အင်္ဂလိပ်သဒ္ဒါ" အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းနှင့် ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

စာအုပ်
စာပေ
လူ့
မိတ်ဆွေ

## ရွှေတောင်ပံအငြိမ့် ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် စက်တင်ဘာ ၂၃**

အများပြည်သူ ပျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တင်ဆက်လျက်ရှိရာ "ရွှေတောင်ပံအငြိမ့်" ဖျော်ဖြေပွဲကို စက်တင်ဘာ ၂၅ ရက် စနေနေ့ ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို လုံမေပျို့မှစီစဉ်ပြီး စံမတူနိုင်မင်းစိုး(ဆိုင်း)၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး ဝေဖူးနွယ်၊ ရှေ့ထွက်မင်းသမီး ငုဝါပွင့်၊ လူရွှင်တော်များဖြစ်ကြသည့် ဓာတ်လင်း၊ ဥသြ၊ မိုးဖြူနှင့် ရန်နိုင်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။ **သတင်းစဉ်**



# လေထဲကအန္တရာယ်တွေနဲ့ မြန်မာ့အနာဂတ် အခက်မကြုံရလေအောင်...

သူရိန်သော်

**လေထုထဲကနေ ပျံ့နှံ့ကူးစက်တဲ့ ကိုဗစ်– ၁၉ ရောဂါကို တစ်ကမ္ဘာလုံး ရင်ဆိုင်တွေ့ကြုံနေရပါတယ်။ မိမိတို့နိုင်ငံမှာတော့ လေထုထဲက ရောဂါပိုးကို ကာကွယ်နေကြရတဲ့အပြင် လေလှိုင်းပေါ်က အစိုးရအမည်ခံ အကြမ်းဖက်အဖွဲ့ကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေကြရပါတယ်။**

### အကွက်ကျကျစီမံ

ဥပဒေရေးရာခုံရုံးတွေမှာ စစ်ဆေးခံနေရဆဲ NLD ပါတီဝင်အချို့နဲ့ တရားမဝင် ပြည်ပကို ထွက်ပြေးခိုလှုံနေရသူတွေဟာ သူတို့ကိုယ်သူတို့ NUG အစိုးရလို့ ခံယူခဲ့ကြပါတယ်။ ပြည်ပမှာရှိတဲ့ မြန်မာ့နိုင်ငံရေးကို ခြယ်လှယ်လိုတဲ့ အဖွဲ့အစည်းတွေရဲ့ အထောက်အပံ့ရယူပြီး ပြည်ဖျက်စီမံကိန်းတွေကို လုပ်ဆောင်နေကြပါတယ်။ ပြည်ပအဖွဲ့အစည်းတွေရဲ့ ထောက်ပံ့မှုကို ရယူထားတဲ့ ပြည်ပအခြေစိုက်အကြမ်းဖက်အစိုးရအဖွဲ့ NUG ဟာ ယခုလဆန်းပိုင်းက ပြည်သူတွေကို လေလှိုင်းပေါ်ကနေ D Day ကြေညာခဲ့ပါတယ်။ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် တော်လှန်ကြပါဆိုတဲ့ မြောက်လုံး၊ ခြောက်လုံးတွေအပြည့်နဲ့ မိန့်ခွန်းဆိုတာကို အကွက်ကျကျ စီမံပြောကြားခဲ့ပါတယ်။

**D Day ဟာ ရရာလက်နက်စွဲကိုင်ပြီး လက်ရှိအစိုးရကို တော်လှန်ကြဖို့ ပြည်သူတွေကို တပ်လှန့်လိုက်တာဖြစ်ပါတယ်။ အကြမ်းဖက်အဖွဲ့ရဲ့ အစွယ်အပွားတွေနဲ့ အမှန်ကိုမမြင်နိုင်၊ မသိနိုင်တဲ့ လူတစ်စုလောက်ကလွဲပြီး ပြည်သူစစ်စစ်တွေကတော့ D Day အပေါ် စိတ်ဝင်စားမှုမရှိသလောက်ဆိုတာကို လက်ရှိမှာ ပြည်သူတွေ ငြိမ်းငြိမ်းချမ်းချမ်းနဲ့နေ့စဉ်ဘဝ ပုံမှန်ဖြတ်သန်းနေတာကိုကြည့်ပြီး သုံးသပ်နိုင်မှာဖြစ်ပါတယ်။**

ထို့အတူ အကြမ်းဖက်အဖွဲ့တွေရဲ့ အစွယ်အပွားတွေ၊ PDF တွေကိုလည်း အစိုးရနဲ့ပြည်သူတွေ ပူးပေါင်းဖော်ထုတ်မှုတွေကြောင့် နေ့စဉ်နဲ့အမျှ ဖမ်းဆီးရမိနေတာတွေကိုလည်း မြင်တွေ့ရပါတယ်။ NUG ဘက်က ဘယ်လောက်ပဲ မြှောက်ပင့်ပေးပေး ပြည်သူမရွေ့တော့ဘူးဆိုတာကို မြင်တွေ့လာရတဲ့အခါ အကြမ်းဖက်သူတွေဟာ ဖုန်းတာဝါတိုင်တွေ မိုင်းခွဲဖျက်ဆီးတာ၊ အပြစ်မဲ့ပြည်သူတွေကို ဒလန်ဆိုပြီး သတ်ဖြတ်တာတွေကို ပိုမိုဖိအားပေး လုပ်ဆောင်လာကြတာကို စိတ်မသက်သာဖွယ် မြင်တွေ့ရပါတယ်။ ဆက်သွယ်ရေးတာဝါတိုင်တွေ ပျက်စီးမှုဟာ ပြည်သူတွေရဲ့ နစ်နာဆုံးရှုံးမှု၊ အပြစ်မဲ့ပြည်သူတွေကို သတ်ဖြတ်တာ မြန်မာ့သမိုင်းအတွက် အကျည်းတန်မှုဆိုတာတွေကို လျစ်လျူရှုပြီး မှန်ကန်တဲ့လုပ်ရပ်လို့ ယနေ့တိုင် ကမ္ဘာကို လိမ်လည်နေဆဲပဲ ဖြစ်ပါတယ်။

### တိုင်းပြည်ရဲ့လောက်ကောင်

**ပြည်သူတွေ နိုင်ငံတွင်းမှာ မတည်မငြိမ်ဖြစ်အောင် လှုံ့ဆော်နေကြသူတွေက ပြည်ပနိုင်ငံတွေမှာ ခိုလှုံပြီး ပြည်ပကြိုးကိုင်သူတွေအလိုကျ ရုပ်သေးရုပ်အစိုးရဖြစ်တယ်ဆိုတဲ့ အထောက်အထားတွေကိုလည်း တစ်နေ့တခြား မြင်တွေ့လာရပြီ ဖြစ်ပါတယ်။ အပြစ်မဲ့တဲ့ပြည်သူတွေကို ဒလန်စွပ်စွဲပြီး သတ်ဖြတ်တာ၊ လုယက်မှုတွေကျူးလွန်တာ၊ မိုင်းခွဲဖျက်ဆီးတာစတဲ့ဖြစ်စဉ်တွေအားလုံးမှာ အကြမ်းဖက်ခြင်းကို တော်လှန်ခြင်းဆိုပြီး အမည်တပ် အားရကျေနပ်နေကြသူတွေကို ပြည်သူတွေရဲ့ အဆိပ်အတောက်၊ တိုင်းပြည်ရဲ့ လောက်ကောင်တွေအဖြစ် သတ်မှတ်ကြဖို့ လိုအပ်နေချိန်ဖြစ်ပါတယ်။**

**ပြည်သူတွေ နိုင်ငံတွင်းမှာ မတည်မငြိမ်ဖြစ်အောင် လှုံ့ဆော်နေကြသူတွေက ပြည်ပနိုင်ငံတွေမှာ ခိုလှုံပြီး ပြည်ပကြိုးကိုင်သူတွေအလိုကျ ရုပ်သေးရုပ်အစိုးရဖြစ်တယ်ဆိုတဲ့ အထောက်အထားတွေကိုလည်း တစ်နေ့တခြား မြင်တွေ့လာရပြီ ဖြစ်ပါတယ်။ အပြစ်မဲ့တဲ့ ပြည်သူတွေကို ဒလန်စွပ်စွဲပြီး သတ်ဖြတ်တာ၊ လုယက်မှုတွေကျူးလွန်တာ၊ မိုင်းခွဲဖျက်ဆီးတာ စတဲ့ဖြစ်စဉ်တွေအားလုံးမှာ အကြမ်းဖက်ခြင်းကို တော်လှန်ခြင်းဆိုပြီး အမည်တပ်အားရကျေနပ်နေကြသူတွေကို ပြည်သူတွေရဲ့ အဆိပ်အတောက်၊ တိုင်းပြည်ရဲ့လောက်ကောင်တွေအဖြစ် သတ်မှတ်ကြဖို့ လိုအပ်နေချိန်ဖြစ်**

ပြည်ပအထောက်အပံ့တွေ ဖောဖောသီသီ ရယူထားတဲ့ NUG၊ PDF စတဲ့ အကြမ်းဖက်အဖွဲ့တွေအနေနဲ့ တိုင်းပြည်နဲ့လူမျိုးရဲ့ မျက်နှာကိုမှ မထောက်ထားဘဲ ပြည်သူတွေ ဆင်းရဲတွင်းနက်အောင် ကြံဆောင်နေမှုတွေ၊ လက်နက်မျိုးစုံနဲ့ ရွက်ကုန်လွှင့်ကာ နိုင်ငံတော်ကို ဖျက်ဆီးနေမှုတွေဟာ ရုပ်လုံးပေါ်လာခဲ့ပါပြီ။ ကျွမ်းကျင်သူတွေရဲ့အဆိုအရ ပဲခူး PDF အဖွဲ့ဆိုပြီး အင်းတကော်မြို့က ဘဏ်တစ်ခုမှာ လုယက်မှုလုပ်ဆောင်တဲ့ဖြစ်စဉ်မှာ သုံးစွဲသွားတဲ့ လက်နက်အမျိုးအစားဟာ ၂၀၂၀ ပြည့်နှစ်တွေမှာ အမေရိကန်က အာဖဂန်နစ္စတန်နဲ့ အီရတ်စစ်ပွဲတွေမှာ အသုံးပြုခဲ့တဲ့ MK 12 Special Purpose ရိုင်ဖယ်အမျိုးအစားဖြစ်တယ်လို့ သိရပါတယ်။ ဒီလိုလက်နက်တွေကို အာဖဂန်ကနေ အမေရိကန်တပ်ဆုတ်ခွာတဲ့အခါ ပြန်ယူဆောင်မသွားဘဲ ထားခဲ့တယ်ဆိုတဲ့ဖြစ်စဉ်ကို ဆက်စပ်တွေးတောကြည့်မယ်ဆိုရင် အကြမ်းဖက်သူတွေကို ထောက်ပံ့ပေးနေသူတွေဟာ မည်သူတွေဆိုတာနဲ့ တာလီဘန်လက်နက်တွေ ဘာကြောင့် ပြည်တွင်းရောက်ရှိနေရသလဲဆိုတာကို ပြည်သူတွေ သတိပြုနိုင်မှာ ဖြစ်ပါတယ်။

### အွန်လိုင်းကနေသင်ကြား

ထို့အတူ ယခုလဆန်းပိုင်းက နိုင်ငံတကာသတင်းတစ်ပုဒ်မှာ အမေရိကန်နိုင်ငံသား လက်နက်ကျွမ်းကျင်တဲ့ ဝါသနာရှင်တစ်ဦးက မြန်မာအစိုးရကို ဆန့်ကျင်တဲ့ ပြောက်ကျားတပ်ဖွဲ့ဝင်(PDF)တွေကို လက်လုပ်ဗုံးနဲ့ လက်နက်ပြုလုပ်နည်းအချို့၊ အကြမ်းဖက်တိုက်ခိုက်မှု နည်းလမ်းတွေကို အွန်လိုင်းကနေ သင်ကြားပေးခဲ့တယ်ဆိုတာကို ဖော်ထုတ်ရေးသားထားတာ ဖတ်လိုက်ရပါသေးတယ်။

**အကြမ်းဖက်သင်တန်းကို NUG အစိုးရအဖွဲ့ဝင်၊ ပြည်ပကို ထွက်ပြေးတိမ်းရှောင်နေတဲ့ ဝရမ်းပြေး ဒေါက်တာဆာဆာ လာရောက်ပြီးထောက်ခံအားပေးခဲ့တယ်လို့ ဖော်ပြထားပါတယ်။ ဒီလို အကွက်ချစီစဉ်မှုတွေကြောင့် NUG အနေနဲ့ D Day လို့ကြေညာခဲ့တာဖြစ်ပြီး တကယ်တမ်းမှာ သူတို့မျှော်မှန်းချက်မပြည့်ဝခဲ့တာကိုလည်း မြင်တွေ့ရပါတယ်။ မြန်မာ့အရေးသုံးသပ်သူအချို့ကလည်း ယခုကဲ့သို့ အကြမ်းဖက်မှုတွေဟာ ပြည်သူတွေ ဆင်းရဲဒုက္ခအတွက် ဖြေရှင်းပေးမယ့် လုပ်ရပ်မှန်မဟုတ်ဘူးဆိုတာကို သုံးသပ်ခဲ့ကြပါတယ်။ ထို့အတူပဲ အကြမ်းဖက်လမ်းစဉ်ကို အားမပေးခဲ့ဘူးဆိုတဲ့ ဒေါ်အောင်ဆန်းစုကြည်က လေလှိုင်းပေါ်က အကြမ်းဖက်အစိုးရရဲ့ စစ် ကြေညာမှုအပေါ်ကို မှတ်ချက်တစ်စုံတစ်ရာ မပေးတာ၊ မတားဆီးတာကိုလည်း အချို့သော မြန်မာ့နိုင်ငံရေးဝေဖန်သူတွေက မေးခွန်းထုတ်လာကြတာကို နိုင်ငံတကာမီဒီယာအချို့မှာ မြင်တွေ့ရပါတယ်။**

### အရိုတရားကိုလက်ခံ

လက်ရှိမှာတော့ ပြည်သူတွေဟာ အစိုးရနဲ့ ပူးပေါင်းပြီး ကိုဗစ်– ၁၉ တတိယလှိုင်းအန္တရာယ်ကို တွန်းလှန်နေကြပါပြီ။ ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရဲ့ မဲမသမာမှုတွေကို ပွင့်လင်းမြင်သာစွာနဲ့ ဖော်ထုတ်နိုင်ခဲ့ပါပြီ။ ကိုဗစ်ကြောင့် ယိုင်နဲ့သွားရတဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေကို စုပေါင်းအားနဲ့ ပြန်လည်ထူမတ်နေကြပါပြီ။ မကြာခင်မှာ မြန်မာ့လူဦးရေရဲ့ ထက်ဝက်ကျော်ဟာ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးကြပါတော့မယ်။ တိုင်းပြည်တည်ငြိမ်လာတာနဲ့အမျှ အားလုံးပါဝင်တဲ့ ရိုးသားပြီးမျှတတဲ့ ရွေးကောက်ပွဲကြီးကျင်းပဖို့ ပြင်ဆင်ကြရပါတော့မယ်။ ဒါက ပြည်သူတွေနဲ့ မြန်မာနိုင်ငံရဲ့ ပကတိအရှိတရား၊ မြေပြင်ပေါ်က အမှန်တရားပဲ ဖြစ်ပါတယ်။ တစ်ပါတီကြီးစိုးခြင်းထက် လွှတ်တော်အတွင်း နိုင်ငံရေးပါတီစုံ ပါဝင်လာတော့မှာမို့ အတွေးသစ်၊ အမြင်သစ်၊ ရှုထောင့်သစ်တွေနဲ့ တိုးတက်ကောင်းမွန်လာနိုင်မယ်ဆိုတာ အသေအချာပဲဖြစ်ပါတယ်။

ပြည်ပအထောက်အပံ့တွေရယူ၊ ပြည်ပမှာအခြေစိုက်တဲ့ NUG ကတော့ ရှေ့ကပြည်ပြေးတွေရဲ့ လမ်းစဉ်အတိုင်း တစ်နေ့တခြား လုံးပါးပါးလို့ လေထဲကအစိုးရ လေထဲမှာပဲ လွင့်ပြယ်သွားရမှာပဲ ဖြစ်ပါတယ်။

**ပြည်ပက မြှောက်ပင့်ပေးသမျှ လိုက်ပါလုပ်ဆောင်နေရတဲ့ PDF တွေအတွက်လည်း ပြည်သူနဲ့အစိုးရရဲ့ပူးပေါင်းဖော်ထုတ်မှုတွေကြောင့် မီးစမီးနတွေ မကြာမီငြိမ်းအေးသွားတော့မှာပဲ ဖြစ်ပါတယ်။ မြန်မာ့အနာဂတ်ဟာ မြန်မာနိုင်ငံသားတွေရဲ့ လက်ထဲမှာပဲရှိပါတယ်။ အေးချမ်းမှု၊ တည်ငြိမ်မှု၊ တရားမျှတမှုနဲ့ သာယာတဲ့လူ့ဘောင်တည်ဆောက်ဖို့ တစ်ဖက်မှာကြိုးစားကြရင်း အကြမ်းဖက်သမားတွေကို မြေပေါ်ကရော မမြင်ရတဲ့ လေလှိုင်းပေါ်ကပါ အပြီးသတ်ပျောက်ကွယ်သွားအောင် ဝိုင်းဝန်းကြိုးပမ်းကြပါစို့လို့ တိုက်တွန်းလိုက်ရပါတယ်။** ။

**ပြည်ပက မြှောက်ပင့်ပေးသမျှ လိုက်ပါလုပ်ဆောင်နေရတဲ့ PDF တွေအတွက်လည်း ပြည်သူနဲ့အစိုးရရဲ့ပူးပေါင်းဖော်ထုတ်မှုတွေကြောင့် မီးစမီးနတွေ မကြာမီငြိမ်းအေးသွားတော့မှာပဲ ဖြစ်ပါတယ်။ မြန်မာ့အနာဂတ်ဟာ မြန်မာနိုင်ငံသားတွေရဲ့ လက်ထဲမှာပဲရှိပါတယ်။ အေးချမ်းမှု၊ တည်ငြိမ်မှု၊ တရားမျှတမှုနဲ့ သာယာတဲ့လူ့ဘောင်တည်ဆောက်ဖို့ တစ်ဖက်မှာကြိုးစားကြရင်း အကြမ်းဖက်သမားတွေကို မြေပေါ်ကရော မမြင်ရတဲ့ လေလှိုင်းပေါ်ကပါ အပြီးသတ်ပျောက်ကွယ်သွားအောင် ဝိုင်းဝန်းကြိုးပမ်း**

❍ ရှေ့ဖုံးမှ

၁၈၂၃ ခုနှစ်နောက်ပိုင်း ကိုလိုနီခေတ်တွင် ထားဝယ်ခရိုင်သည် ပီနံဘုရင်ခံ၏ အုပ်ချုပ်မှုအောက်တွင် ထားရှိခဲ့ပြီး အေဒီမိန်းဂီး (AD Maingy) က ထားဝယ်နယ်နှင့် မြိတ်နယ်ကို ဝန်ရှင်တော်မင်းကြီး (တိုင်းမင်းကြီး) အုပ်ချုပ်သည့် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းပြီး တနင်္သာရီတိုင်းအဖြစ် သတ်မှတ်သောအခါ ထားဝယ်မြို့သည် တိုင်းမြို့တော်ဖြစ်လာသည်။

မြိတ်ခရိုင်သည် မွန်ပြည်နယ်အပါအဝင် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော နယ်ခြားဒေသတစ်ခုလည်းဖြစ်သည်။ ခရစ်နှစ် ၁၈၃၄ ခုနှစ်အထိ တနင်္သာရီတိုင်းအတွင်း ကျိုက္ခမီ၊ ရေး၊ ထားဝယ်၊ မြိတ်ဟု လေးခရိုင်ထားရှိပြီး အိန္ဒိယဘုရင်ခံ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ရှိခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် မြိတ်ခရိုင်ကို ခြောက်မြို့နယ် ခွဲခြားသတ်မှတ်၍ မြိတ်၊ ကျွန်းစု၊ ပုလော၊ တနင်္သာရီလေးမြို့နယ်မှာ မြိတ်ခရိုင်အတွင်း ပါဝင်ပြီး ဘုတ်ပြင်းနှင့်ကော့သောင်းမြို့နယ်တို့သည် ကော့သောင်းခရိုင်အဖြစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် သီးခြားပေါ်လွင်လာခဲ့သည်။

ကော့သောင်းခရိုင်သည် ယခင်မြိတ်ခရိုင်တွင် ပါဝင်ပြီး ၆-၁-၁၉၉၂ ရက်နေ့တွင် ကော့သောင်းနှင့် ဘုတ်ပြင်း နှစ်မြို့နယ်ပါဝင်သည့် ကော့သောင်းခရိုင်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၅၁) အရ ဖွဲ့စည်းခဲ့သည်။ ၁-၁-၂၀၀၃ ရက်နေ့တွင် ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်တွင် ခမောက်ကြီးမြို့ကိုလည်းကောင်း၊ ဘုတ်ပြင်းမြို့နယ်တွင် ၁-၄-၂၀၀၄ ရက်နေ့၌ ကရသူရီမြို့နှင့် ၁-၁-၂၀၀၃ ရက်နေ့တွင် ပြည်ကြီးမဏ္ဍိုင်မြို့ကိုလည်းကောင်း ထည့်သွင်းဖွဲ့စည်းခဲ့သည်။

ထိုတနင်္သာရီတိုင်းဒေသကြီးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တိုင်းဒေသကြီး လမ်းဦးစီးဌာနသည် ပြည်ထောင်စုလမ်းသုံးလမ်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသော တိုင်းဒေသကြီးလမ်း ၂၉ လမ်း စုစုပေါင်း ၃၂ လမ်း၊ လမ်းမိုင်အရှည် ၁၀၇၈ မိုင် ၃ ဖာလုံ ၃၉၄ ပေနှင့် ပေ ၁၈၀ နှင့်အထက် တံတား ၂၇ စင်း၊ ပေ ၁၈၀ အောက်တံတား ၉၁၅ စင်း၊ Box Culvert ၂၂၆၂ စင်းနှင့် Pipe Culvert ၄၈၄ စင်း၊ စုစုပေါင်းတံတား ၃၆၈၈ စင်းတို့ကို တာဝန်ယူတည်ဆောက်ပြုပြင် အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသည်။



ထားဝယ်-ဘုတ်ပြင်း-ကော့သောင်း ကားလမ်းကိုတွေ့ရစဉ်။

## ဘုရားကြီး-မော်လမြိုင်-ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်းလမ်း

ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်ထောင်စုလမ်းမကြီးဖြစ်သော ဘုရားကြီး-မော်လမြိုင် - ထားဝယ် - မြိတ်- ဘုတ်ပြင်း-ကော့သောင်းလမ်းသည် ၃၉၅ မိုင် ၄ ဖာလုံ အရှည်ရှိပြီး မလွဲတောင်-ထားဝယ်အပိုင်း၊ ထားဝယ်-ပလောက်အပိုင်း၊ ပလောက်-ပုလော-မြိတ်အပိုင်း၊ မြိတ်-တနင်္သာရီ-ထုံခါအပိုင်း၊ ထုံခါ-ဘုတ်ပြင်းအပိုင်းနှင့် ဘုတ်ပြင်း-ကော့သောင်းအပိုင်းတို့ရှိသည့်အနက် မလွဲတောင် - ထားဝယ်အပိုင်းအား လမ်းအထူးအဖွဲ့ ၂၃ ကလည်းကောင်း၊ ထားဝယ်-ပလောက်အပိုင်းအား ထားဝယ်ခရိုင်ကလည်းကောင်း၊ ပလောက်-ပုလော-မြိတ်အပိုင်းနှင့် မြိတ်-တနင်္သာရီ-ထုံခါအပိုင်းတို့အား မြိတ်ခရိုင်မှလည်းကောင်း၊ ထုံခါ - ဘုတ်ပြင်းအပိုင်းအား လမ်းအထူးအဖွဲ့ ၂၄ မှလည်းကောင်း၊ ဘုတ်ပြင်း - ကော့သောင်းအပိုင်းကို ကော့သောင်းခရိုင်ကလည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

လမ်းအထူးအဖွဲ့ ၂၃ မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မလွဲတောင် - ထားဝယ်အပိုင်း မိုင် ၂၄၅/၆ ဒသမ ၅ မှ ၃၂၈/၃ ဒသမ ၅ အထိ စုစုပေါင်း ၈၂ မိုင် ၅ ဖာလုံ အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကုန်၌ ၂၄ ပေအကျယ် AC လမ်း ၂၅ မိုင် ၃ ဖာလုံ၊ ၂၄ ပေအကျယ် ကတ္တရာလမ်း ၅၇ မိုင် ၂ ဖာလုံသာရှိရာမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ကုန်တွင် ၂၄ ပေအကျယ် AC လမ်း ၄၇ မိုင် ၂ ဒသမ ၂ ဖာလုံ၊ ၂၄ ပေအကျယ် ကတ္တရာလမ်း ၃၅ မိုင် ၂ ဒသမ ၇၉ ဖာလုံအထိ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သည်။

ထားဝယ်ခရိုင်က တာဝန်ယူဆောင်ရွက်သော ထားဝယ်- ပလောက်အပိုင်း မိုင် ၃၂၈/၃ ဒသမ ၅ မှ ၃၉၅/၃ ဒသမ ၅ အထိ စုစုပေါင်း ၆၇ မိုင် သုည ဖာလုံတွင်လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကုန်၌ ၂၄ပေအကျယ် AC လမ်း ၁ မိုင် ၂ ဖာလုံ၊ ၁၈ ပေအကျယ် ကတ္တရာလမ်း ၆၄ မိုင် ၆ ဖာလုံနှင့် ၂၄ ပေအကျယ် ကတ္တရာလမ်း ၁ မိုင် သုည ဖာလုံသာ ရှိခဲ့ရာမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ကုန်တွင် ၂၄ ပေအကျယ် AC လမ်း ၂၇ မိုင် ၅ ဒသမ ၅ ဖာလုံ၊ ၁၈ပေအကျယ် ကတ္တရာလမ်း ၅ မိုင် သုည ဒသမ ၅ ဖာလုံနှင့် ၂၄ ပေအကျယ် ကတ္တရာလမ်း ၃၄ မိုင် ၂ ဖာလုံအထိ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သည်။

၎င်းနောက် မြိတ်ခရိုင်မှ တာဝန်ယူဆောင်ရွက်သော ပလောက်- ပုလော - မြိတ်အပိုင်းနှင့် မြိတ်-တနင်္သာရီ-ထုံခါအပိုင်း မိုင် ၃၉၅/၃ ဒသမ ၅ မှ ၅၃၁/၆ ဒသမ ၅ အထိ စုစုပေါင်း ၁၃၆ မိုင် ၃ ဖာလုံ တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ကုန်၌ ၂၄ ပေအကျယ် AC လမ်း ၂၀ မိုင် ၇ ဒသမ ၅ ဖာလုံ၊ ၂၄ ပေအကျယ် ကွန်ကရစ်လမ်း ၁၅ မိုင် သုည ဒသမ ၅ ဖာလုံ၊ ၁၈ ပေအကျယ် ကတ္တရာလမ်း ၃၃ မိုင် ၄ ဖာလုံနှင့် ၂၄ ပေအကျယ် ကတ္တရာလမ်း ၆၆ မိုင် ၇ ဖာလုံအထိ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သည်။

ထို့အပြင် လမ်းအထူးအဖွဲ့ ၂၄ က တာဝန်ယူဆောင်ရွက်သော ထုံခါ-ဘုတ်ပြင်းအပိုင်း မိုင် ၃၅၁/၆ ဒသမ ၅ မှ ၆၁၁/၃ ဒသမ ၅ အထိ စုစုပေါင်း ၇၉ မိုင် ၅ ဖာလုံ၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်၌ ၁၂ပေအကျယ်ကတ္တရာလမ်း ၁၂ မိုင် ၃ ဖာလုံ၊ ၁၈ ပေအကျယ်ကတ္တရာလမ်း ၂၀ မိုင် ၁ ဖာလုံ၊ ၂၄ ပေ အကျယ် ကတ္တရာလမ်း ၀ မိုင် ၂ ဖာလုံနှင့် ကျောက် လမ်း ၄၉ မိုင် ၀ ဖာလုံသာ ရှိခဲ့သော်လည်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ကုန်တွင် ၂၄ ပေအကျယ် ကွန်ကရစ် လမ်း ၉ မိုင် ၄ ဒသမ ၂၅ ဖာလုံ၊ ၁၈ ပေအကျယ် ကတ္တရာလမ်း ၂၉ မိုင် ၁ ဒသမ ၉၆ ဖာလုံ၊ ၂၄ ပေအကျယ် ကတ္တရာလမ်း ၃၈ မိုင် ၉ ဒသမ ၁၉ ဖာလုံနှင့် ၂၄ ပေအကျယ် ကျောက်လမ်း ၁ မိုင် ၅ ဒသမ ၆ ဖာလုံအထိ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သည်။

ကော့သောင်းခရိုင်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ဘုတ်ပြင်း-ကော့သောင်းအပိုင်း မိုင် ၆၁၁/၃ ဒသမ ၅ မှ ၇၄၁/၂ ဒသမ ၅ အထိ စုစုပေါင်း ၁၂၉ မိုင် ၇ ဖာလုံတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်၌ ၂၃ ပေအကျယ် ကွန်ကရစ်လမ်း ၁၈ မိုင် ၃ ဒသမ ၆၄ ဖာလုံ၊ ၁၈ ပေအကျယ် ကတ္တရာလမ်း ၆၃ မိုင် ၁ ဒသမ ၀၆ ဖာလုံသာရှိခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ကုန်အထိ ၂၂ ပေအကျယ် ကတ္တရာကွန်ကရစ် AC လမ်း ၄၈ မိုင် ၂ ဒသမ ၃ ဖာလုံ၊ ကွန်ကရစ်လမ်း ၁၈ မိုင် ၃ ဒသမ ၆၄ ဖာလုံ၊ ၁၈ ပေအကျယ် ကတ္တရာလမ်း ၂၇ မိုင် ၀ ဒသမ ၇၇ ဖာလုံနှင့် ၂၄ပေအကျယ် ကတ္တရာလမ်း ၃၆ မိုင် သုည ဒသမ ၂၉ ဖာလုံတို့ကို အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သည်။

ဘုရားကြီး- မော်လမြိုင် - ထားဝယ်- မြိတ်-ဘုတ်ပြင်း-ကော့သောင်းလမ်းသည် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးကို ဆက်သွယ်ထားသော အဓိကလမ်းမကြီးဖြစ်သည်။ ယခင်ဆယ်စုနှစ်များက ရေလမ်းခရီးရှပ်ပြေးယာဉ်ကိုသာ အားထားခဲ့ရာမှ ယခုအချိန်၌ လမ်းမကြီးအား အချိန်တိုတောင်းစွာဖြင့် အသုံးပြုနိုင်ပြီဖြစ်သည်။ ၎င်းလမ်းတွင် ယာဉ်အန္တရာယ်ဖြစ်စေနိုင်သော မျက်ကွယ်ကွေ့/ မျက်ကွယ်ကုန်းများအား ဖြတ်ထုတ်၍ လမ်းဖြောင့်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ (မလွဲတောင်မှ ကော့သောင်းအထိ) လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ခဲ့ခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့လာပြီး ၎င်းလမ်းပေါ်ရှိကျေးရွာများတွင် နေထိုင်လျက်ရှိသော ဒေသခံတိုင်းရင်းသားများ ရေးမြို့၊ ထားဝယ်မြို့၊ မြိတ်မြို့၊ ကော့သောင်းမြို့ စသည့်မြို့ကြီးများနှင့် လွယ်ကူချောမွေ့စွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအခွင့်အလမ်းများ အစစအရာရာတိုးတက်အဆင်ပြေလာမည်။ ထို့အပြင် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိနိုင်ခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုအဆင်ပြေစွာဆောင်ရွက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများစွာ ရရှိလာမည်ဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီးသည် သဘာဝသယံဇာတပေါများသည့်တိုင်းဖြစ်ပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးသည့်ဒေသဖြစ်သည်။ **စာမျက်နှာ ၉ သို့** ■



ဘုရားကြီး-မော်လမြိုင်-ထားဝယ် ကားလမ်းကိုတွေ့ရစဉ်။

**ဘုရားကြီး - မော်လမြိုင် - ထားဝယ်- မြိတ်- ဘုတ်ပြင်း-ကော့သောင်းလမ်းသည် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးကို ဆက်သွယ်ထားသော အဓိကလမ်းမကြီးဖြစ်သည်။ ယခင်ဆယ်စုနှစ်များက ရေလမ်းခရီးရှပ်ပြေးယာဉ်ကိုသာ အားထားခဲ့ရာမှ ယခုအချိန်၌ လမ်းမကြီးအား အချိန်တိုတောင်းစွာဖြင့် အသုံးပြုနိုင်ပြီဖြစ်သည်။ ၎င်းလမ်းတွင် ယာဉ်အန္တရာယ်ဖြစ်စေနိုင်သော မျက်ကွယ်ကွေ့/ မျက်ကွယ်ကုန်းများအား ဖြတ်ထုတ်၍ လမ်းဖြောင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ**

# ကျေးရွာခေါင်းဆောင်မှုနှင့် အစိမ်းရောင်ကျေးလက်ဖွံ့ဖြိုးရေး ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေး

**မြန်အောင် စက်တင်ဘာ ၂၃**
ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးရွာခေါင်းဆောင်မှုနှင့် အစိမ်းရောင်ကျေးလက်ဖွံ့ဖြိုးရေး အသိပညာပေး ကျေးရွာများသို့ ယနေ့နံနက် ၁၀ နာရီတွင် ဟသ်ာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

မြန်အောင်မြို့နယ်၌ ကျေးရွာခေါင်းဆောင်မှုနှင့် အစိမ်းရောင်ကျေးလက်ဖွံ့ဖြိုးရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်သော ကျေးရွာပေါင်း ၁၁ ရွာရှိပြီး စံပြကျေးရွာအဖြစ် ရွေးချယ်ထားသော ညောင်မြစ်ဆွဲကျေးရွာနှင့် စံပါယ်ကရိုကျေးရွာများတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ခရိုင်ဦးစီးမှူး ဦးအောင်သက်ရှည်နှင့် မြို့နယ်တာဝန်ခံများက ကြည့်ရှုစစ်ဆေးပြီး ကျေးရွာကော်မတီအဖွဲ့များနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

၂၂၂


# ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၃-၉-၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Symptomatic | | | | |
| 1 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 2 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 3 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 4 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 5 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 6 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 7 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 8 | P.O – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 9 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 10 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |

အခြားဆေးဝါးများ၏ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။
စာတည်း




# တနင်္သာရီမြို့နယ်၌ ကျေးရွာချင်းဆက်မြေသားလမ်း ဖောက်လုပ်ပြီးစီး

**တနင်္သာရီ စက်တင်ဘာ ၂၃**
တနင်္သာရီတိုင်းဒေသကြီး ဘန်လော-ဘန်သဲ-ကျောက်မီးကျောင်း- မြန်မာအင်းတော်ကျေးရွာချင်းဆက်မြေသားလမ်း နှစ်မိုင်အား နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၈၅ ဒသမ ၀၇၈ သန်းဖြင့် အကောင်အထည်ဖော် ဖောက်လုပ်ခဲ့ရာ လုပ်ငန်းရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

အဆိုပါကျေးရွာချင်းဆက်လမ်းမှာ ၁၀ မိုင် ၁ ဖာလုံရှည်လျားပြီး ဒေသခံပြည်သူလူထု၏ တောင်းဆိုချက်အရ နယ်စပ်ရေးရာဝန်ကြီးဌာနက ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ မြေသားလမ်းဖောက်လုပ်ပေးခဲ့ရာ ယခုအခါ ၇ မိုင် ၆ ဖာလုံ ပြီးစီးပြီဖြစ်၍ ကျန်ရှိသည့်လမ်းပိုင်းအား ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဖောက်လုပ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငွေကြယ်

# ခင်ဦးမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးစပါးစိုက်ဧက ၁၀၀၀၀ ကျော် ရေနစ်မြုပ်

**ခင်ဦး စက်တင်ဘာ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စက်တင်ဘာ ၂၃ ရက်ထိ မိုးစပါးစိုက်ဧက ၁၀၀၀၀ ကျော် ရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

**မူးတိမ်ချောင်းရေလျှံ**

ခင်ဦးမြို့နယ်တွင် စက်တင်ဘာ ၂၁ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် မူးတိမ်ချောင်းရေလျှံမှုနှင့် စက်တင်ဘာ ၂၂ ရက်တွင် မောရချောင်းရေဝင်ရောက်မှုကြောင့် ပင်တင်းကန် ကျိုးပေါက်ခဲ့ပြီး မိုးစပါးစိုက်ခင်းများ ရေနစ်မြုပ်မှုဖြစ်ပေါ်ခဲ့သည်။ ခင်ဦးမြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း ၂၄ အုပ်စု၊ တောင်သူ ၃၁၄၀၊ မိုးစပါးစိုက်ဧက ၁၃၁၉၆ ဧက ရေလွှမ်းမိုးနစ်မြုပ်လျက်ရှိကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

**စိုးဝေအောင်(ပြန်/ဆက်)**

■ စာမျက်နှာ ၈ မှ

**လေညာ-ရတနာပုံလမ်း**

လေညာ- ရတနာပုံလမ်းသည်လည်း ဘုရားကြီး- မော်လမြိုင် - ထားဝယ် - မြိတ်- ဘုတ်ပြင်း- ကော့သောင်းလမ်း (ထုံခါ- ဘုတ်ပြင်း အပိုင်း) ၅၇၈ မိုင် ၇ ဒသမ ၁ ဖာလုံမှ ခွဲထွက်ပြီး ပြည်ကြီးမဏ္ဍိုင်မြို့နှင့် ထိုင်းနိုင်ငံနယ်စပ်အထိ ဆက်သွယ်သောလမ်းဖြစ်သောကြောင့် ပြည်ကြီးမဏ္ဍိုင်မြို့ ၀/၀ မိုင်မှ ထိုင်း- မြန်မာနိုင်ငံနယ်စပ်- ကျောက်တိုင် ၃၈/၇ မိုင်တွင် အဆုံးသတ်သည်။ လမ်းအရှည်မှာ ၃၈ မိုင် ၇ ဖာလုံရှိ သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အကုန်တွင် ယခင်မြေသားလမ်း ပေ ၄၀ အကျယ်သာရှိခဲ့ရာမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ကုန်တွင် ၂၃ ပေ အကျယ် ကွန်ကရစ်လမ်း ၁၆ မိုင် ၁ ဒသမ ၆ဖာလုံ အထိ လမ်းအဆင့်မြှင့်တင် ဆောင်ရွက်နိုင်ခဲ့သည်။ နှစ်အလိုက်လျာထားရေးဆွဲသော ရန်ပုံငွေရရှိမည်ဆိုပါက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အကုန်တွင် ၂၃ ပေအကျယ် ကွန်ကရစ်လမ်းခင်းရန် ကျန်ရှိနေသည့် ၂၂ မိုင် ၅ ဒသမ ၃၈ ဖာလုံကို အပြီးသတ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**အလယ်စခန်း-ရွာသစ်-လှည်းဂိတ်-သဲချောင်း-မျောက်ချော-နဂါးအိုင်- ကွန်ကြားဒိန်-ခရိုင်-မွန်-သုံးခွလမ်း**

အလယ်စခန်း- ရွာသစ်- လှည်းဂိတ်-သဲချောင်း - မျောက်ချော-နဂါးအိုင်- ကွန်ကြားဒိန်-ခရိုင်-မွန်-သုံးခွလမ်းသည် မြို့နယ်-ကျေးရွာများ ဆက်သွယ်သည့်လမ်းဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသည့်လမ်းဖြစ်သည်။ ၎င်းလမ်းသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကုန်တွင် ၁၂ပေ အကျယ် ကွန်ကရစ်လမ်း ၁မိုင် ၃ ဖာလုံ၊ ၁၂ပေ အကျယ် အမာခံလမ်း ၂၀ မိုင် သုည ဖာလုံ၊ ၁၂ ပေအကျယ် မြေလမ်း ၉ မိုင် ၁ ဖာလုံသာရှိခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ကုန်တွင် ၁၂ ပေအကျယ် ကွန်ကရစ်လမ်း ၁ မိုင် ၃ ဖာလုံ၊ ၁၈ ပေအကျယ် ကျောက်လမ်း ၃ မိုင် သုညဖာလုံ၊ ၁၂ ပေအကျယ် အမာခံလမ်း ၁၀ မိုင် ၁ဖာလုံနှင့် ၃၄ ပေ အကျယ် မြေလမ်း ၁၆ မိုင် သုညဖာလုံအထိ လမ်း အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၂-၂၀၂၃မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အထိ ငါးနှစ်စာလျာထားသော ရန်ပုံငွေများရရှိခဲ့ပါက ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ်ကုန်တွင် ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ရန် လျာထားသည်ဟု သိရသည်။

**ထားဝယ်-မေတ္တာလမ်း**

ထားဝယ်- မေတ္တာလမ်းသည် နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီးဖြစ်ပြီး ထားဝယ်ရေနက်ဆိပ်ကမ်း -မေတ္တာ - ထီးခီးလမ်းနှင့် ဆက်စပ်သွားသည့်လမ်းဖြစ်သည်။ အဆိုပါလမ်းသည် တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသော လမ်းဖြစ်ပြီး လမ်းမိုင်အရှည်မှာ ၃၃ မိုင် ၇ ဖာလုံရှိသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကုန်၌ ၂၃ ပေအကျယ် AC လမ်း ၁မိုင်သုညဖာလုံ၊ ၁၈ ပေအကျယ် ကတ္တရာလမ်း ၂၉ မိုင် ၄ ဖာလုံနှင့် ၂၄ ပေအကျယ် ကတ္တရာလမ်း ၃ မိုင် ၃ ဖာလုံသာ ရှိခဲ့သော်လည်း ၂၄ ပေအကျယ် ACလမ်း ၁ မိုင် ၄ ဖာလုံ၊ ၁၈ ပေအကျယ်ကတ္တရာလမ်း ၂၃ မိုင် ၁ ဒသမ ၂ ဖာလုံနှင့် ၂၄ ပေအကျယ် ကတ္တရာလမ်း ၉ မိုင် ၁ ဒသမ ၈ ဖာလုံအထိ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သည်။


**(ဆက်လက်ဖော်ပြပါမည်)**

**ချမ်းမြေ့မောင်**

# အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ - အပြည်ပြည်ဆိုင်ရာ စာရင်းရှင်းလင်းရေးဘဏ်တို့၏ အဆင့်မြင့်အရာရှိများ ဆွေးနွေးပွဲနှင့် အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ အစည်းအဝေးများ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၃**

အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ (SEACEN Centre)၊ အပြည်ပြည်ဆိုင်ရာ စာရင်းရှင်းလင်းရေးဘဏ်(BIS)နှင့် ဘရူနိုင်းဗဟိုဘဏ်တို့ကကြီးမှူး၍ ပူးပေါင်းကျင်းပသည့် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့- အပြည်ပြည်ဆိုင်ရာစာရင်းရှင်းလင်းရေးဘဏ်တို့၏ အဆင့်မြင့်အရာရှိများ ဆွေးနွေးပွဲ (SEACEN-BIS High-Level Seminar) ကိုစက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း၊ အကြိမ် (၂၀) မြောက် အရှေ့တောင်အာရှဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ အစည်းအဝေး (20th Meeting of the SEACEN Executive Committee) ကို စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့သည်။



**တက်ရောက်**

ယင်းအစည်းအဝေးများတွင် SEACEN အဖွဲ့ဝင်ဗဟိုဘဏ် ၁၉ ဘဏ်တို့မှ ဒုတိယဥက္ကဋ္ဌများ၊ SEACEN အမှုဆောင်ဒါရိုက်တာနှင့် ဒါရိုက်တာများ၊ အပြည်ပြည်ဆိုင်ရာ စာရင်းရှင်းလင်းရေးဘဏ်(BIS) မှ ဘာသာရပ်ဆိုင်ရာပညာရှင်များ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ တက်ရောက်သည်။

စက်တင်ဘာ ၂၂ ရက်တွင် ကျင်းပသည့် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့-အပြည်ပြည်ဆိုင်ရာ စာရင်းရှင်းလင်းရေးဘဏ်တို့၏ အဆင့်မြင့်အရာရှိများဆွေးနွေးပွဲ (SEACEN-BIS High-Level Seminar) တွင် ဘရူနိုင်းဗဟိုဘဏ်၏ မန်နေးဂျင်းဒါရိုက်တာ Madam YM Dayang Hajah Rokiah Haji Badar နှင့် SEACEN အမှုဆောင်ဒါရိုက်တာ Dr.Mangal Goswami တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ "Changing Nature of Capital Flows and their Implications" ခေါင်းစဉ်ကို အပြည်ပြည်ဆိုင်ရာ စာရင်းရှင်းလင်းရေးဘဏ်မှ စီးပွားရေးအကြံပေး Mr. Hyun Song Shin က ဦးဆောင်ဆွေးနွေးပြီး သိရှိလိုသည့် မေးခွန်းများကို ပြန်လည်ဖြေကြားသည်။

**ဆွေးနွေးပြောကြား**

ထို့နောက် "Challenges Central Banks in the region will face in the short to medium term in this new landscape" ခေါင်းစဉ်ကို အင်ဒိုနီးရှားဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ Ms. Rosmaya Hadi၊ ထိုင်းဗဟိုဘဏ်၊ လက်ထောက်ဥက္ကဋ္ဌ Ms. Alisara Mahasandana တို့က ဦးဆောင်ဆွေးနွေးပြီး သိရှိလိုသည့်မေးခွန်းများကို ပြန်လည်ဖြေကြားသည်။ ထို့နောက် Changing Nature of Capital Flows to Emerging and Frontier Economies - Managing Capital Flows and " Taper Redux" ခေါင်းစဉ်ကို Citi ၏ မန်နေးဂျင်းဒါရိုက်တာ Mr. David Lubin နှင့် PIMCO ၏ ဒုတိယဥက္ကဋ္ဌ Mr. Gene Frieda တို့က ဦးဆောင်ဆွေးနွေးပြီး အိန္ဒိယဗဟိုဘဏ်မှ အမှုဆောင်ဒါရိုက်တာ Mr. Mridul Saggar က Discussant အဖြစ် ဆောင်ရွက်ခဲ့ရာ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် SEACEN အဖွဲ့ဝင်ဗဟိုဘဏ် ၁၉ ဘဏ်တို့မှ ဒုတိယဥက္ကဋ္ဌများ၊ SEACEN အမှုဆောင်ဒါရိုက်တာ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များက ၎င်းတို့၏အတွေးအမြင်များ၊ အတွေ့အကြုံများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

စက်တင်ဘာ ၂၃ ရက်တွင် ကျင်းပသည့် အကြိမ် (၂၀) မြောက် အရှေ့တောင်အာရှဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ အစည်းအဝေး (20th Meeting of the SEACEN Executive Committee)တွင် ၂၀၂၀-၂၀၂၂ ဘဏ္ဍာနှစ်အတွက် SEACEN စင်တာက ကြီးမှူးဆောင်ရွက်လျက်ရှိသည့် မဟာဗျူဟာမြောက်စီမံကိန်းများ ဆောင်ရွက်မှု၊ လာမည့် ၂၀၂၂ ခုနှစ်အတွင်း ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများ၊ ၂၀၂၂ ခုနှစ်အတွက် ဘတ်ဂျက်လျာထားမှု၊ SEACEN အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ၊ ၂၀၂၂ ခုနှစ်အတွင်း သင်ကြားပို့ချမည့် ဗဟိုဘဏ်နှင့် သက်ဆိုင်သည့် ဘာသာရပ်ဆိုင်ရာ သင်တန်းခေါင်းစဉ်များနှင့် SEACEN သုတေသနစီမံကိန်းများ၊ ၂၀၂၂ ခုနှစ်အတွင်း SEACEN မှ အဖွဲ့ဝင် ဗဟိုဘဏ်များမှ သင်တန်းသားများအတွက် ပညာသင်ဆုပေးအပ်မှုလျာထားချက်များ၊ SEACEN ဝန်ထမ်းခန့်အပ်မှု လုပ်ငန်းများနှင့် ပတ်သက်၍ SEACEN အမှုဆောင်ဒါရိုက်တာ Dr.Mangal Goswami နှင့် ဘရူနိုင်းဗဟိုဘဏ်၏ မန်နေးဂျင်း ဒါရိုက်တာ Madam YM Dayang Hajah Rokiah Haji Badar တို့က တင်ပြဆွေးနွေးခဲ့ရာ SEACEN အဖွဲ့ဝင် ဗဟိုဘဏ် ၁၉ ဘဏ်တို့မှ ဒုတိယဥက္ကဋ္ဌများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များက ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

# ကန့်ဘလူမြို့ ခုတင် ၁၀၀ ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ အောက်ဆီဂျင်စက်ရုံ စတင်စမ်းသပ်ထုတ်လုပ်

**ကန့်ဘလူ စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့ ခုတင် ၁၀၀ ပြည်သူ့ဆေးရုံဝင်း အတွင်းရှိ အောက်ဆီဂျင်စက်ရုံ၌ အောက်ဆီဂျင်စမ်းသပ်ထုတ်လုပ်လျက်ရှိရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးရွှေအောင်နှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီခွဲက လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့အားအောက်ဆီဂျင်စက်ရုံမှ တာဝန်ရှိသူများက စက်တပ်ဆင်ထားရှိမှုအခြေအနေ၊ အောက်ဆီဂျင်ထုတ်လုပ်မှုအခြေအနေ၊ စက်စွမ်းအားပြည့်ထုတ်လုပ်ပါက အောက်ဆီဂျင်ရရှိနိုင်မှုအခြေအနေကို ရှင်းလင်းတင်ပြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါ အောက်ဆီဂျင်စက်သည် ကျပ်သိန်း ၁၄၀၀ တန်ဖိုးရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ပေးထားကြောင်း၊ အောက်ဆီဂျင်စက်ရုံ (၂၅x၃၅x၁၂) ပေ Steel Structure၊ ၄၀၀ ဗို့ဓာတ်အားလိုင်း၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာနှင့် လျှပ်စစ်မီးကြိုးများ သွယ်တန်းခြင်းတို့အတွက် ဒေသခံအလှူရှင်များ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဆရာတော်၊ သံဃာတော်များ၊ ရပ်နီးရပ်ဝေးမှ စေတနာရှင်၊ အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။



အောက်ဆီဂျင်စက်ရုံမှ တစ်နာရီလျှင် လီတာ ၄၀ဆံ့ အောက်ဆီဂျင်အိုး ၁၀ လုံး ထုတ်လုပ်နိုင်ပြီး စက်စွမ်းအားပြည့်ထုတ်လုပ်ပါက လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၁၅၀ မှ ၁၈၀ ထိထုတ်လုပ်ဖြန့်ဖြူး ပေးနိုင်မည်ဖြစ်၍ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ကုသရေး လုပ်ငန်းများနှင့် ဒေသတွင်းပြည်သူများ၏ အောက်ဆီဂျင်လိုအပ်ချက်ကို လုံလောက်စွာ ဖြန့်ဖြူး ပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

❍ **ရန်ကုန်မှ**

တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကာ တာမွေမြို့နယ် မိုးကုတ်ဝိပဿနာ အေးရိပ်သာကျောင်းတိုက် ပဓာနနာယက ဆရာတော် ရွှေမန်းဦးသူရိယ အမှူးပြုသော သံဃာတော်ငါးပါးအား ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်ခြင်း၊ လှူဖွယ်ဝတ္ထုများ ဆက်ကပ်ခြင်း၊ အန္တရာယ်ကင်းပရိတ်တရားတော်နာကြားခြင်း၊ ရုံးအဆောက်အအုံ အန္တရာယ်ကင်းရန်အတွက် ပရိတ်ရွတ်ဖတ်ခြင်း၊ ပရိတ်ရည်ပက်ဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**ဆောင်ရွက်ပေးနေ**

"အရင်တာမွေရုံးမှာ လုပ်တဲ့အခါကျတော့ လမ်းမပေါ်မှာတန်းစီရပ်ပြီး လုပ်ရလို့ ယာဉ်ကြောပိတ်ဆို့မှုတွေဖြစ်ခဲ့ပေမယ့် အခုရုံးသစ်မှာက နေရာကျယ်ဝန်းတော့ ပိုမိုအဆင်ပြေစေမှာဖြစ်ပါတယ်။ နေ့စဉ်လာရောက်ဆောင်ရွက်နေတဲ့သူတွေ အဆင်ပြေအောင်နဲ့ အမြန်ဆုံးဖြစ်အောင် ဆောင်ရွက်ပေးနေပါတယ်။ တစ်ရက်ကို ပျမ်းမျှ အစီးရေ ၂၀၀၊ ၃၀၀ လောက်ဆောင်ရွက်ပေးနေပါတယ်။ နောက်ပြီး အရင်ကယာဉ်သစ်မှတ်ပုံတင်ကြေး/သက်တမ်းတိုး မှတ်ပုံတင်ကြေးက တစ်စီးကို ကျပ် ၁၀၀၀၀ ကျော် ကုန်ကျတာကနေ အခုရုံးသစ်မှာ ကျပ် ၇၂၀၀ နဲ့ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်" ဟု YRTC တွဲဖက် အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောသည်။

ရန်ကုန် တိုင်းဒေသကြီး အတွင်း တက္ကစီယာဉ်၊ စီးတီးတက္ကစီယာဉ်များ မှတ်ပုံတင်ခြင်း လုပ်ငန်းကို ကိုဗစ် - ၁၉ ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ် မတ် ၁၆ ရက်မှ စတင်၍ ခေတ္တရပ်နားခဲ့ရာမှ ယခုနှစ် ဇူလိုင် ၁ ရက်တွင် မှတ်ပုံတင်ခြင်းလုပ်ငန်းကို ကိုဗစ် - ၁၉ ရောဂါ စည်းကမ်းချက် နှင့်အညီ တောင်ဥက္ကလာပမြို့နယ် (၁၅) ရပ်ကွက် သံသုမာလမ်း၌ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ကိုဗစ်တတိယလှိုင်းစတင် ဖြစ်ပွားလာမှုကြောင့် ဇူလိုင် ၁၅ ရက်မှစတင်ပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန(ကညန) မော်တော်ယာဉ်မှတ်ပုံတင်ခြင်း လုပ်ငန်းများ၊ ပို့ဆောင်ရေးနှင့် စီမံကိန်းဦးစီးဌာန မော်တော်ယာဉ်လုပ်ငန်း လိုင်စင်လုပ်ငန်းများရပ်နားခဲ့ပြီး ယင်းနှင့် ဆက်စပ်လျက်ရှိသည့် YRTC စီမံမှုအောက်ရှိ စီးတီးတက္ကစီ မှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်း လုပ်ငန်းများလည်း ရပ်နားထားခဲ့ရခြင်း ဖြစ်သည်။

**စက်တင်ဘာ ၁၅ ရက်မှ စတင်**

ရန်ကုန်တိုင်း ဒေသကြီးအတွင်း စီးတီးတက္ကစီ အစီးရေ ၆၅၀၀၀ ခန့်ရှိပြီး မှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်း လုပ်ငန်းကို အဆိုပါ ရုံးသစ်တွင် စက်တင်ဘာ ၁၅ ရက်မှ စတင်ပြီး ကိုဗစ်-၁၉ ရောဂါ ကျန်းမာရေးဆိုင်ရာ စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ရုံးဖွင့်ရက်များတွင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ဆောင်ရွက်ပေးလျက်ရှိကာ ယခင်ကထက် မှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်း ဝန်ဆောင်မှုလုပ်ငန်းများ စနစ်တကျပိုမို လုပ်ဆောင်လာနိုင်မည် ဖြစ်ကြောင်း သိရသည်။

စီးတီးတက္ကစီ အငှားယာဉ်များ မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်ပြီး သန့်ရှင်းသပ်ရပ် စနစ်တကျရှိစေရန်၊ စီးတီးတက္ကစီ အငှားယာဉ်မောင်းများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာစေရန်နှင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ အငှားယာဉ်များကို ငှားရမ်းစီးနင်း အသုံးပြုရာတွင် အဆင်ပြေ ချောမွေ့စေရန် ရည်ရွယ်၍ စီးတီးတက္ကစီမှတ်ပုံတင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လက်ရှိ စီးတီးတက္ကစီ မှတ်ပုံတင်ခြင်းလုပ်ငန်း ကုန်ကျစရိတ်များမှာ ယခင်နှုန်းထားအောက် လျော့နည်းကြောင်း သိရသည်။

**သတင်း-လင်းရာမ**

**ဓာတ်ပုံ-ကိုထက်**

# ကမ္ဘာတစ်ဝန်း၌ လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ် လူပေါင်းခုနစ်သန်း သေဆုံးလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြောကြား

**ဂျီနီဗာ စက်တင်ဘာ ၂၃**
ကမ္ဘာတစ်ဝန်း၌ လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ် လူပေါင်း ခုနစ်သန်း သေဆုံးလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယမန်နေ့တွင် ပြောသည်။



**အကြီးမားဆုံးသော ခြိမ်းခြောက်မှုတစ်ခု**

လေထုညစ်ညမ်းမှုသည် လူသားတို့၏ ကျန်းမာရေးကို ထိခိုက်စေသည့် ပတ်ဝန်းကျင်ဆိုင်ရာ အကြီးမားဆုံးသော ခြိမ်းခြောက်မှုတစ်ခုဖြစ်သည့်အတွက် လေထုညစ်ညမ်းမှုလျော့ကျစေရေး အစီအမံများကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုသည်။

ဆေးလိပ်သောက်ခြင်းနှင့် ကျန်းမာရေးနှင့် မညီသော အစားအစာများ စားသုံးခြင်းတို့ကိုလည်း ရှောင်ကြဉ်သင့်ကြောင်းနှင့် လေထုညစ်ညမ်းမှု လျော့ကျစေရေးအတွက် အရေးပေါ်ဆောင်ရွက်ချက်များ လုပ်ဆောင်သွားရန် လိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောသည်။

ထို့ပြင် ၂၀၀၅ ခုနှစ်အတွင်း ချမှတ်ထားသည့် လေထုအရည်အသွေးဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာမှသာ ပြည်သူများ၏ အသက်ကို ကယ်ဆယ်နိုင်မည်ဖြစ်ကြောင်း ကမ္ဘာ့နိုင်ငံအစိုးရများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တိုက်တွန်းပြောကြားသည်။

**ရှောင်ရှားရန်လိုအပ်**

၂၀၀၅ ခုနှစ်မှ လက်ရှိအချိန်အထိ လေထုညစ်ညမ်းမှုကြောင့် ကျန်းမာရေးထိခိုက်မှုကိုဖြစ်စေသည့် သက်သေအထောက်အထားများစွာ ထွက်ပေါ်လာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုသည်။ ယင်းကြောင့် ကမ္ဘာ့နိုင်ငံများက လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေမည့် လုပ်ဆောင်ချက်များကို ရှောင်ရှားရန် လိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးပြောကြားသည်။

**ကိုးကား – စီအင်န်အေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# မလေးရှားနိုင်ငံ၌ ဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၂ ဒသမ ၁၄ သန်းကျော်ရှိလာ

**ကွာလာလမ်ပူ စက်တင်ဘာ ၂၃**
မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၉၉၀ ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါရောဂါကြောင့် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၁၄၂၈၂၄ ဦး ရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါ ရောဂါထပ်မံကူးစက်ခံရသူများအနက် ငါးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၁၄၉၈၅ ဦးသည် ပြည်တွင်း၌ကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နူဟာစ်ဟာမ် အဗ္ဗဒူလာရှ်က သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်မှုကြောင့် ၄၈၇ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၄၅၆၅ ဦး ရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါမှပြန်လည်သက်သာလာသည့်အတွက် ၁၉၇၀၂ ဦး ဆေးရုံများမှ ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၁၉၁၇၀၈၅ ဦးရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၂၀၁၂၇၄ ရှိပြီး ၁၁၁၄ ဦးသည် အထူးကြပ်မတ်ကုသဆောင်များတွင် ဆေးဝါးကုသမှုခံယူနေရပြီး ယင်းတို့အနက် ၆၁၅ ဦးသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ အထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ နိုင်ငံလူဦးရေ၏ ၆၈ ဒသမ ၄ ရာခိုင်နှုန်းသည် ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ပြီး ၅၈ ဒသမ ၁ ရာခိုင်နှုန်းသည် ကာကွယ်ဆေး နှစ်ကြိမ်စလုံးထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# အီရန်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၇၄၃၃ ဦး ထပ်မံတွေ့ရှိ

**တီဟီရန် စက်တင်ဘာ ၂၃**
အီရန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၄၃၃ ဦးအား ထပ်မံတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၅၄၇၇၂၉ ဦး ရှိလာသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၂၈၆ ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၁၈၁၉၁ ဦးရှိလာကြောင်း အီရန် ကျန်းမာရေးနှင့် ဆေးပညာဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

သို့သော် ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၄၈၄၆၇၇၁ ဦး ရှိသည်။ လူနာ ၆၆၃၂ ဦးသည် အထူးကြပ်မတ်ကုသဆောင်များတွင် ကျန်းမာရေး စောင့်ရှောက်မှုခံယူလျက်ရှိသည်။

လက်ရှိအချိန်အထိ ပြည်သူ ၃၂၂၅၀၅၄၃ ဦးသည် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၁၄၆၄၈၈၉၁ ဦးသည် ကာကွယ်ဆေးနှစ်ကြိမ် စလုံး ထိုးနှံမှုခံယူပြီးဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အရှေ့အာဖရိကဒေသ၌ ဆေးယဉ်ပါးသည့် ငှက်ဖျားရောဂါတစ်မျိုး ကူးစက်ပျံ့နှံ့လျက်ရှိ

**အဒစ်အဘာဘာ စက်တင်ဘာ ၂၃**
အရှေ့အာဖရိကဒေသ၌ ဆေးယဉ်ပါးသည့် ငှက်ဖျားရောဂါတစ်မျိုး ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း နိုင်ငံတကာ ဆေးဘက်ဆိုင်ရာ သုတေသီအဖွဲ့က ယနေ့ပြောသည်။

ငှက်ဖျားရောဂါသည် ခြင်များက သယ်ဆောင်လာသည့် ပရိုတိုဇိုကပ်ပါးကောင်များမှ ဖြစ်ပွားသည့် ရောဂါဖြစ်ပြီး တီဘီရောဂါနှင့် ခုခံအားကျဆင်းသည့်ရောဂါ(အေအိုင်ဒီအက်စ်)ကဲ့သို့ အဓိကကူးစက်မြန်ရောဂါတစ်မျိုးဖြစ်သည်။

နှစ်စဉ် ကမ္ဘာတစ်ဝန်း၌ ငှက်ဖျားရောဂါကူးစက်ခံရသူ သန်း ၂၀၀ ကျော်ရှိပြီး ၎င်းတို့အနက်မှ လေးသိန်းကျော် သေဆုံးလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုသည်။

ယူဂန္ဒာနိုင်ငံ၌ ဆေးယဉ်ပါးသည့် ငှက်ဖျားရောဂါတစ်မျိုး ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း ဂျပန် ဂျန်တန်ဒိုတက္ကသိုလ်နှင့် ယူဂန္ဒာဂုလုတက္ကသိုလ်တို့မှ သုတေသီအဖွဲ့က ဆိုသည်။ ၎င်းတို့၏ တွေ့ရှိချက်စစ်တမ်းတစ်ရပ်ကို သည်နယူးအင်္ဂလန် ဆေးပညာဂျာနယ်တွင် ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။

၎င်းတို့၏စစ်တမ်းအရ ငှက်ဖျားရောဂါကူးစက်ခံထားရသူ ၁၄ ဦးတွင် ၁၃ ဦးသည် ငှက်ဖျားရောဂါကာကွယ်ဆေးများအား ခံနိုင်ရည်ရှိသည့် ကပ်ပါးကောင်များ ကူးစက်ခံထားရသည်ကို တွေ့ရှိရကြောင်း သိရသည်။

၂၀၁၅ ခုနှစ်အတွင်း ငှက်ဖျားရောဂါသည်များ၏ သွေးနမူနာများတွင် အဆိုပါ ကပ်ပါးကောင်များကူးစက်မှုကို မတွေ့ရှိရသော်လည်း ၂၀၁၉ ခုနှစ်တွင် ငှက်ဖျားရောဂါသည် အများစုတွင် ယင်းကပ်ပါးကောင်များကူးစက်ခံရမှုကို စစ်ဆေးတွေ့ရှိရကြောင်း သိရသည်။

သုတေသီများက အဆိုပါ တွေ့ရှိချက်နှင့်ပတ်သက်ပြီး လွန်ခဲ့သောသုံးနှစ်က အစီရင်ခံစာတင်သွင်းခဲ့သည်။ ၎င်းတို့၏ နောက်ဆုံးလေ့လာတွေ့ရှိချက်အရ ဆေးယဉ်ပါးသည့် ငှက်ဖျားရောဂါတစ်မျိုး ပျံ့နှံ့လျက်ရှိကြောင်း သုတေသီများက ထပ်မံအတည်ပြုပြောကြားသည်။

အဆိုပါ ငှက်ဖျားရောဂါကူးစက်မှုကို ထပ်မံလေ့လာစောင့်ကြည့်ရန်လိုအပ်ကြောင်းနှင့် အဆိုပါရောဂါအတွက် ခုခံကာကွယ်ဆေးများ ထွက်ပေါ်လာရန် လိုအပ်ကြောင်း ဂျပန်နိုင်ငံ ဂျန်တန်ဒိုတက္ကသိုလ် ပါမောက္ခ မီတာ တိုရှီဟီရိုက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ယူဂန္ဒာနိုင်ငံ နယ်စပ်ဒေသများ၌ ဗီဇပြောင်းဗိုင်းရပ်စ်စောင့်ကြည့်ရေးလုပ်ငန်း အရှိန်မြှင့်တင်မည်

**ကန်ပါလာ စက်တင်ဘာ ၂၃**
ယူဂန္ဒာနိုင်ငံအတွင်း ဗီဇပြောင်းဗိုင်းရပ်စ်များ ကူးစက်ပျံ့နှံ့မည့်အရေးကို တားဆီးရန်အတွက် နယ်စပ်ဒေသများ၌ ဗိုင်းရပ်စ်စောင့်ကြည့်ရေးလုပ်ငန်းများအား အရှိန်မြှင့်တင်ရန် ယူဂန္ဒာသမ္မတ ယိုဝီရီမူဆာဗာနီက တာဝန်ရှိသူများအား ယမန်နေ့က ညွှန်ကြားခဲ့သည်။



ယူဂန္ဒာနိုင်ငံ အန်တက်ဘီ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ကုန်းလမ်းခရီး နယ်စပ်ဝင်ပေါက် ၅၃ ခု၌ ကိုဗစ်–၁၉ ရောဂါစမ်းသပ်စစ်ဆေးရေးစင်တာများကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ရုပ်မြင်သံကြားမိန့်ခွန်း၌ ယိုဝီရီမူဆာဗာနီက ပြောကြားသည်။

နိုင်ငံအတွင်း ဗီဇပြောင်းဗိုင်းရပ်စ်မျိုးစိတ်သစ်များ ထပ်မံကူးစက်လာခြင်း ရှိ၊ မရှိ ပုံမှန်စစ်ဆေးမှုများကိုလည်း ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် နိုင်ငံအတွင်း ကျောင်းများ ပြန်လည်ဖွင့်လှစ်သည့်အချိန်၌ ကျောင်းများတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရမှုများ ရှိ၊ မရှိ စစ်ဆေးမှုများကိုလည်း ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၂၅၀၂ ဦးရှိပြီး အဆိုပါ ရောဂါကြောင့် သေဆုံးသူ ၃၁၃၅ ဦး ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ကမ္ဘာ့ဘဏ်က သီရိလင်္ကာနိုင်ငံအား အမေရိကန်ဒေါ်လာ သန်း ၁၀၀ ထုတ်ချေးသွားမည်

**ကိုလံဘို စက်တင်ဘာ ၂၃**
သီရိလင်္ကာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အားဖြည့်ကူညီရန်အတွက် ကမ္ဘာ့ဘဏ်က ချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀ ပေးအပ်သွားရန်သဘောတူခဲ့ကြောင်း ယနေ့သိရသည်။

အဆိုပါချေးငွေများကို Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ၁၄ သန်းဝယ်ယူရန်နှင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများ၌ သုံးစွဲသွားမည်ဖြစ်ကြောင်း သီရိလင်္ကာအစိုးရက ပြောကြားသည်။

နိုင်ငံအတွင်း၌ လက်ရှိအချိန်တွင် လူအစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး လူဦးရေ၏ ၅၁ ရာခိုင်နှုန်းကျော်မှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။ ကျန်းမာရေးဝန်ကြီးဌာနသည် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား အသုံးပြုပြီး ကာကွယ်ဆေးထိုးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်အထိ ၁၁၁၈၂၃၆၅ ဦးမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးစီးခဲ့ပြီး ၉၁၀၂၂၇၁ ဦးမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံပြီးဖြစ်သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၀၈၆၇၂ ဦးရှိပြီး အဆိုပါရောဂါကြောင့်သေဆုံးသူ ၁၂၃၇၆ ဦးရှိသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# အင်ဒိုနီးရှားနိုင်ငံ၌ ၂၈၈၁ ဦး ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရ

**ဂျကာတာ စက်တင်ဘာ ၂၃**
အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၈၁ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၄၂၀၁၅၅၉ ဦးရှိလာကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၆၀ ထပ်မံ သေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၄၁၁၁၄ ဦး ရှိလာပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူ ၄၃၈၆ ဦး ဆေးရုံများမှ ဆင်းသွားခဲ့ရာ ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့သူပေါင်း ၄၀၁၂၄၄၈ ဦး ရှိလာသည်။

လက်ရှိအချိန်အထိ ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံမှုခံယူပြီးသူ ၄၆ ဒသမ ၉၈ သန်းရှိပြီး ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံမှုခံယူပြီးသူ ၈၃ ဒသမ ၂၄ သန်းရှိသည်။

လူဦးရေ သန်း ၂၇၀ ရှိသည့်အနက် ပြည်သူ ၂၀၈ ဒသမ ၂ သန်းအား ကာကွယ်ဆေးထိုးနှံပေးရန် အင်ဒိုနီးရှားအစိုးရက ရည်ရွယ်ထားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ အာဖဂန်အမျိုးသမီးများအား တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၃ ဒသမ ၅ သန်းကျော်ရှိလာ

**နယူးဒေလီ စက်တင်ဘာ ၂၃**
အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၁၉၂၃ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၃၃၅၆၃၄၂၁ ဦးအထိ မြင့်တက်လာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးရကိန်းဂဏန်းများအရ သိရသည်။



အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၂၈၂ ဦး ထပ်မံသေဆုံးခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၄၆၀၅၀ ရှိလာသည်။ အဆိုပါရောဂါထပ်မံကူးစက်ခံရသူနှင့် သေဆုံးသူအများစုသည် ကီရာလာပြည်နယ်မှဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၃၀၁၆၄၀ ရှိကြောင်း သိရသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ လူနာ ၃၁၉၉၀ ရောဂါမှ ပြန်လည်သက်သာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၃၂၈၁၅၇၃၁ ဦးရှိကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးများ အာဖဂန်အရေးဆွေးနွေး

**ကုလသမဂ္ဂ စက်တင်ဘာ ၂၃**
ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးများက အာဖဂန်နစ္စတန်အရေးနှင့်ပတ်သက်ပြီး ယနေ့ ဆွေးနွေးကြောင်းသိရသည်။

အဆိုပါနိုင်ငံခြားရေးဝန်ကြီးများက အာဖဂန်အမျိုးသမီးများ၏အခွင့်အရေးများ အပြည့်အဝရရှိရေး တာလီဘန်အဖွဲ့အား တိုက်တွန်းပြောကြားရန် သဘောတူညီကြသည်။ သို့သော် ငွေကြေးထောက်ပံ့ပေးမှုနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ခြင်းမရှိပေ။

နယူးယောက်မြို့၌ ယမန်နေ့တွင် ကျင်းပသော အဆိုပါအစည်းအဝေးကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီဘလင်ကန်၊ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး လစ်ထရစ်၊ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဂျင်းယုလီ ဒရိန်းနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျေလာဗ့်တို့ တက်ရောက်ပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက အွန်လိုင်းမှဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတဲရက်စ်လည်း တက်ရောက်ဆွေးနွေးခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံသည် အကြမ်းဖက်ဝါဒကို အားပေးအားမြှောက်ပြုသည့် နိုင်ငံတစ်နိုင်ငံမဖြစ်လာစေရန် တာလီဘန်အဖွဲ့အားတိုက်တွန်းပြောကြားမည်ဖြစ်ကြောင်း ၎င်းတို့က သဘောတူညီခဲ့ကြသည်။

အာဖဂန်နစ္စတန်နိုင်ငံအား တာလီဘန်အဖွဲ့ အာဏာသိမ်းပိုက်သည့်အချိန်မှစပြီး အာဖဂန်အစိုးရအဖွဲ့၏ နိုင်ငံခြားပိုင်ဆိုင်မှုများ ပိတ်ပင်သွားခဲ့သည်။ အဆိုပါပိုင်ဆိုင်မှုများအား ပြန်လည်သုံးစွဲခွင့်ရရှိရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အနောက်အင်အားကြီးနိုင်ငံများက သတိကြီးစွာဆောင်ရွက်လျက်ရှိစဉ် တရုတ်နှင့် ရုရှားနှစ်နိုင်ငံက အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိ ပြည်သူများအား လူသားချင်းစာနာထောက်ထားသည့် အထောက်အပံ့များပေးနိုင်ရေးအတွက် အဆိုပါနိုင်ငံခြားပိုင်ဆိုင်မှုများကို ထုတ်ယူသုံးစွဲခွင့်ပြုသင့်ကြောင်း ဆွေးနွေးခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

■

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၄၃၈ ဦး ထပ်မံတွေ့ရှိ

**မော်စကို စက်တင်ဘာ ၂၃**
ရုရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၄၃၈ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၇၃၅၄၉၉၅ ဦးရှိလာကြောင်း ရုရှားနိုင်ငံရောဂါတုံ့ပြန်ရေးစင်တာက ယနေ့ပြောသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၈၂၀ ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၀၁၄၄၅ ဦးရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၆၅၆၇ ဦး ရောဂါမှ ပြန်လည်သက်သာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသူပေါင်း ၆၅၅၈၇၈၀ ရှိလာသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုဒဏ်ကို ဆိုးရွားစွာခံစားနေရသည့် မြို့တော်မော်စကို၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၄၄၅ ဦးထပ်မံတွေ့ရှိခဲ့ရာ မြို့တော်အတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၆၁၁၆၁၁ ဦးရှိလာပြီဖြစ်သည်။

လက်ရှိအချိန်အထိ ပြည်သူ သန်း ၄၀ ခန့်အား ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# အမေရိကန်နိုင်ငံ၌ Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို တတိယအကြိမ်ထပ်ဆောင်းထိုးနှံရန် အတည်ပြု




**ဝါရှင်တန် စက်တင်ဘာ ၂၃**
အမေရိကန်နိုင်ငံ၌ Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို တတိယအကြိမ် ထပ်ဆောင်းထိုးနှံရန် အမေရိကန်စားနပ်ရိက္ခာနှင့် ဆေးဝါးကွပ်ကဲရေး အာဏာပိုင်များက ခွင့်ပြုကြောင်း ယမန်နေ့တွင် ထုတ်ပြန်ကြေညာသည်။

အဆိုပါကာကွယ်ဆေး ထပ်ဆောင်း ထိုးနှံမှုခံယူမည့်သူများသည် အသက် ၆၅ နှစ်နှင့်အထက်အရွယ်များနှင့် ရောဂါပြင်းထန်စွာခံစားနေရသည့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများဖြစ်သည်။

ယင်းသို့ ကာကွယ်ဆေးထပ်ဆောင်း ထိုးနှံခြင်းသည် အချိန်ကြာမြင့်စွာ ရောဂါခုခံနိုင်စွမ်းရှိသည့်အတွက် အမေရိကန်အစိုးရက နိုင်ငံအတွင်းကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမည့်အစီအစဉ်ကို လွန်ခဲ့သောလအတွင်း စတင်ကြေညာခဲ့သည်။

ကာကွယ်ဆေးထပ်ဆောင်းထိုးနှံမည့် အစီအစဉ်ကို အမေရိကန်စားနပ်ရိက္ခာနှင့် ဆေးဝါးကွပ်ကဲရေး အာဏာပိုင်များက လွန်ခဲ့သော ရက်သတ္တပတ်အတွင်း ထောက်ခံခဲ့သည်။

Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဒုတိယအကြိမ် ထိုးနှံမှုခံယူပြီးနောက် အနည်းဆုံးခြောက်လကြာမှသာ တတိယအကြိမ် ထပ်ဆောင်းကာကွယ်ဆေးကို ထိုးနှံခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်ဆေးဝါးကုမ္ပဏီ Moderna ကလည်း ၎င်း၏ကာကွယ်ဆေးကို ထပ်ဆောင်းထိုးနှံရေး အစီအစဉ်တွင် အသုံးပြုရန် လျှောက်ထားကြောင်း သိရသည်။ **ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# ဗြိတိန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်းနှင့်အတူ ရာသီတုပ်ကွေးရောဂါ ကာကွယ်ဆေးကိုပါ ပူးတွဲထိုးနှံပေးလျက်ရှိ



**လန်ဒန် စက်တင်ဘာ ၂၃**
ဗြိတိန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ် အပိုထပ်ဆောင်းထိုးနှံမှုအစီအစဉ်ကို ယမန်နေ့တွင် စတင်လျက်ရှိကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်းနှင့်အတူ အအေးမိတုပ်ကွေးရောဂါကာကွယ်ဆေးကိုပါ ပူးတွဲထိုးနှံပေးလျက်ရှိသည်။

နိုင်ငံအတွင်း ဆောင်းဦးရာသီဝင်စပြုလာပြီဖြစ်သည့်အတွက် ရောဂါကူးစက်မှုများ ပိုမိုမြင့်တက်လာမည်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုထပ်ဆောင်းထိုးနှံမှုကို ကျန်းမာရေးဝန်ထမ်းများ၊ နာတာရှည်ရောဂါသည်များနှင့် အသက် ၅၀ နှင့်အထက် ပြည်သူများအား ဦးစားပေးထိုးနှံပေးလျက်ရှိသည်။

ဗြိတိန်အစိုးရကလည်း အအေးမိတုပ်ကွေးရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူကြရန် ပြည်သူများအား တိုက်တွန်းလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထပ်ဆောင်း ထိုးနှံမှုခံယူပြီးနောက် အအေးမိရာသီတုပ်ကွေးရောဂါကာကွယ်ဆေးထိုးနှံမှုခံယူရန် စောင့်ဆိုင်းလျက်ရှိသည့် ပြည်သူများအား လန်ဒန်မြို့ရှိ ကာကွယ်ဆေးထိုးနှံမှုစင်တာတစ်ခု၌ တွေ့မြင်ရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအပိုထပ်ဆောင်း ထိုးနှံမှုအစီအစဉ်တွင် Pfizer နှင့် Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်မျိုးကို အသုံးပြုလျက်ရှိသည်။

AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူထားသူများကိုလည်း Pfizer သို့မဟုတ် Moderna ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်မျိုးမျိုးကို ထပ်ဆောင်းထိုးနှံပေးမည်ဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူ ၁၇၄၁၁ ဦး ထပ်မံတွေ့ရှိ

**မနီလာ စက်တင်ဘာ ၂၃**
ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၄၁၁ ဦးအား ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၄၃၄၇၅၃ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အလားတူ အဆိုပါရောဂါကြောင့် ၁၇၇ ဦး ထပ်မံသေဆုံးသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူပေါင်း ၃၇၄၀၅ ဦးရှိလာကြောင်း သိရသည်။ သမ္မတဒူတာတေးက ဖိလစ်ပိုင်တပ်မတော်ဆေးတပ်ဖွဲ့နှင့် ဖိလစ်ပိုင်ရဲတပ်ဖွဲ့၏ ဆေးတပ်ဖွဲ့ဝင်များအား ကိုဗစ်-၁၉ လူနာအများအပြားတက်ရောက်ကုသနေသော မနီလာမြို့ပြဒေသရှိ ဆေးရုံများ၌ ကျန်းမာရေးဝန်ထမ်းများအား အားဖြည့်ကူညီရန် ညွှန်ကြားသည်။ နိုင်ငံအတွင်းရှိဆေးရုံများ၌ ကိုဗစ်-၁၉ရောဂါကုသရေးရှေ့တန်းမှ တာဝန်ယူဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းများ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုကြောင့် သေဆုံးမှုများရှိကြောင်း ၎င်းကပြောကြားသည်။ နိုင်ငံအတွင်းရှိပုဂ္ဂလိကနှင့် အစိုးရဆေးရုံများ၌ ကိုဗစ်-၁၉ရောဂါကြောင့် တက်ရောက်ကုသသူအရေအတွက် များပြားလာသဖြင့်ဆေးရုံများ၌ လူနာများကို လက်မခံနိုင်တော့သည့်အခြေအနေသို့ရောက်ရှိနေကြောင်း သိရသည်။ လက်ရှိအချိန်၌ ဖိလစ်ပိုင်တပ်မတော်မှ သူနာပြုများကို ဆေးရုံများ၌ တွဲဖက်တာဝန်ချထားကြောင်း သိရသည်။ မနီလာမြို့တော်ဒေသနှင့် အနီးပတ်ဝန်းကျင်ဒေသများရှိ ဆေးရုံများ၌ ကျန်းမာရေးဝန်ထမ်းမလုံလောက်မှုနှင့် ကိုဗစ်-၁၉ လူနာများတက်ရောက်ကုသမှုများပြားလာခြင်းကို ကြုံတွေ့နေရကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၃၁၀၀၉၁၂၁ | ဦး |
| သေဆုံးသူ | ၄၇၃၅၃၁၆ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၀၇၇၁၄၁၁၁ | ဦး |

# ထိုင်းနိုင်ငံအတွင်းရှိ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်ရာနေရာများ ပြန်လည်ဖွင့်လှစ်မည့်အချိန်ရွှေ့ဆိုင်း

**ဗန်ကောက် စက်တင်ဘာ ၂၃**
ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံသည့်လုပ်ငန်းမှာ လျာထားချက်မပြည့်မီသေးသဖြင့် မြို့တော်ဗန်ကောက်အပါအဝင် နိုင်ငံအတွင်းရှိ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်ရာ အဓိကနေရာများအား ပြန်လည်ဖွင့်လှစ်မည့်အချိန်ကို နိုဝင်ဘာ ၁ ရက်အထိ ရွှေ့ဆိုင်းမည်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီး ပီပတ်ရာချာ ကစ်ပရာကန်က မီဒီယာများအား ပြောကြားသည်။

## ပြောင်းရွှေ့သတ်မှတ်

ဗန်ကောက်၊ ဟွာဟင်း၊ ပတ္တရားနှင့် ချင်းမိုင်ဒေသများသို့နိုင်ငံတကာမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးသူ ခရီးသည်များလာရောက်နိုင်သည့် အချိန်ကို နိုဝင်ဘာ ၁ ရက်သို့ ပြောင်းရွှေ့သတ်မှတ်ကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံအတွင်း လက်ရှိ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု အခြေအနေများကို ဘက်ပေါင်းစုံမှ ပြန်လည်သုံးသပ်ပြီး ယခုကဲ့သို့ ၎င်းဒေသများပြန်လည်ဖွင့်လှစ်မည့်ရက်ကို ရွှေ့ဆိုင်းရခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ထို့ပြင်လက်ရှိအချိန်၌ မြို့တော်ဗန်ကောက်ရှိ ဒေသခံများအားလည်း ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံပေးလျက်ရှိရာ ၄၄ ရာခိုင်နှုန်းကိုသာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပေးနိုင်ခဲ့ပြီး အနည်းဆုံး ၇၀ ရာခိုင်နှုန်းကို ထိုးနှံပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယခုကဲ့သို့ နိုင်ငံအတွင်းရှိ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မည့် နေရာများအား ပြန်လည်ဖွင့်လှစ်မည့် အစီအမံသည် နိုင်ငံ၏ခရီးသွားလုပ်ငန်းကို မြှင့်တင်ရန်နှင့် ၎င်းလုပ်ငန်းကို မှီခိုနေသော နိုင်ငံသားများ၏ အလုပ်အကိုင်ရရှိရေးကို ရည်မှန်းဆောင်ရွက်ခြင်းဖြစ်သည်။



ထိုင်းနိုင်ငံ၌ လွန်ခဲ့သော တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၂၅၆ ဦးနှင့် အဆိုပါရောဂါ ကြောင့် သေဆုံးသူ ၁၃၁ ဦးကို တွေ့ရှိရကြောင်း ထိုင်းနိုင်ငံ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စီမံခန့်ခွဲရေးစင်တာမှ ယနေ့ ပြောကြားသည်။

ယခုကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူများအနက် ၄၀၀၀ ကျော်အား မြို့တော်ဗန်ကောက်နှင့် အနီးပတ်ဝန်းကျင်ရှိဒေသများ၌ တွေ့ရှိခဲ့ကြောင်း အဆိုပါစင်တာမှ ပြောကြားသည်။ နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁ဒသမ ၅၂ သန်းကျော်ရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၅၈၈၄ ဦးရှိလာသည်။ နိုင်ငံအတွင်း လက်ရှိအချိန်၌ ၁၃၈၂၉ ဦးမှာ ကိုဗစ်-၁၉ရောဂါမှ ပြန်လည်သက်သာလာသဖြင့် ဆေးရုံများမှ ဆင်းသွားကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါအပြင်းအထန်ခံစားနေရသူ ၃၄၂၂ ဦးရှိကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ လူဦးရေ၏ ၂၂ ဒသမ ၆ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှု ခံယူပြီးစီးကြောင်းနှင့် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းအား ယခုနှစ်ကုန်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ခံယူပြီးစီးရန် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

# မင်းတပ်မြို့ရှိ CDF အဖွဲ့များကို ထောက်ပံ့ပေးနေသော အေးငြိမ်းသူထံ လက်နက်ခဲယမ်း၊ ငွေကြေး၊ ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးများ ပို့ဆောင်ပေးနေသူ ကျော်ဌေး အပါအဝင် သုံးဦး ဖမ်းဆီးရမိ

ချင်းပြည်နယ် မင်းတပ်မြို့ရှိ အကြမ်းဖက် CDF အဖွဲ့ထံသို့ ငွေကြေး၊ လက်နက်၊ ခဲယမ်းနှင့် ဆေးဝါးပစ္စည်း ထောက်ပံ့နေသူများအား ဖမ်းဆီးရမိမှု Diagram




နေပြည်တော် စက်တင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် သရက်တောကျေးရွာအနီးရှိ သရက်တောစစ်ဆေးရေးဂိတ်၌ မင်းတပ်မြို့ရှိ အကြမ်းဖက် CDF (Chinland Defense Force)အဖွဲ့များကို ထောက်ပံ့ပေးနေသော အေးငြိမ်းသူထံသို့ လက်နက်ခဲယမ်း၊ ငွေကြေး၊ ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးများ ပို့ဆောင်ပေးနေသူ ကျော်ဌေးကို စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၃ နာရီတွင် ဖမ်းဆီးစစ်ဆေးမှုများပြုလုပ်ခဲ့သည်။

ဖမ်းဆီးရမိတရားခံ ကျော်ဌေး၏ ထွက်ဆိုချက်အရ ကွင်းဆက်တရားခံ ကျော်ကျော်ထွန်းကို ပခုက္ကူမြို့ အမှတ်(၁၅)ရပ်ကွက် အမှတ်(၉)လမ်းရှိ ၎င်း၏နေအိမ်၌ စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် Portable X-ray စက် တစ်လုံး၊ အခြားဆေးပစ္စည်းများ၊ အောက်ဆီဂျင်တိုင်းစက်တစ်လုံး၊ ပေါင်ချိန်စက်တစ်လုံး၊ MPT ဆင်းကတ် ၂၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ကျော်ကျော်ထွန်း၏ ထွက်ဆိုချက်အရ ၎င်း၏နေအိမ်၌ မေ့ဆေးပေးစက်တစ်လုံးနှင့် Toyota Tiger (Double Cab) လိုင်စင်မဲ့ (ခဲရောင်)ယာဉ် တစ်စီးတို့အား စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ထပ်မံသိမ်းဆည်းရမိခဲ့သည်။

တရားခံများ၏ထွက်ဆိုချက်အရ ကွင်းဆက်တရားခံ ဇော်နိုင်ဝင်းကို ပေါက်မြို့နယ် သရက်တောကျေးရွာအနီးရှိသရက်တောစစ်ဆေးရေးဂိတ်၌ ယာဉ်အမှတ် 1D/7221 SURF (လိုင်စင်မဲ့)အပြာရောင်ယာဉ်နှင့်အတူ စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၃ နာရီခန့်တွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဇော်နိုင်ဝင်း၏ ထွက်ဆိုချက်အရ ဆောမြို့နယ် နှောကျေးရွာရှိ ၎င်း၏နေအိမ်၌ လက်နက်ခဲယမ်းများ သိမ်းဆည်းထားကြောင်း သိရသဖြင့် စက်တင်ဘာ ၁၇ ရက် ည ၁၀ နာရီခန့်တွင် သွားရောက်ရှာဖွေခဲ့ရာ နေအိမ်၌ Beretta(ဘာရက်တာ) ၉ မမ ပစ္စတို တစ်လက်၊ Retay X treme ၉ မမ ပစ္စတို တစ်လက်၊ ၉ မမကျည် ၁၃၅ တောင့်နှင့် ၅.၅၆ ကျည် ၄၇၂ တောင့်တို့ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖြစ်စဉ်၏ အဓိကတရားခံဖြစ်သော အေးငြိမ်းသူသည် အကြမ်းဖက် NUG ၏ တရားခံပြေး ဇော်ဝေစိုးနှင့် Zoom Meeting ဖြင့် ချိတ်ဆက်ကာ အကြမ်းဖက် မင်းတပ် CDF များကို ကာကွယ်ကုသမှုပေးရေးအတွက် လမ်းညွှန်ချက်များ ခံယူလုပ်ဆောင်ခဲ့ကြောင်း၊ တရားခံပြေး ဇော်ဝေစိုး၏ လမ်းညွှန်ချက်နှင့် အထောက်အပံ့များကို ရယူကာ ချင်းပြည်နယ် မင်းတပ်မြို့ရှိ အကြမ်းဖက် CDF အဖွဲ့များ၏ လက်နက်ကိုင်သောင်းကျန်းမှုများတွင် ဆေးဝါးကုသပေးခြင်း၊ ယာယီဆေးခန်းနှင့် ယာယီခွဲစိတ်ခန်း (OT)ကို ဆောက်လုပ်ကုသပေးခြင်းဖြင့် အဆိုပါအကြမ်းဖက်အဖွဲ့များအား အထောက်အကူပြုပေးနေကြောင်း၊ ပြည်တွင်းပြည်ပအလှူရှင်များထံမှ အလှူခံ၍ရရှိလာသောငွေများဖြင့် လက်နက်နှင့်ဆေးပစ္စည်းများ ဝယ်ယူကာ အကြမ်းဖက် CDF အဖွဲ့အား ပံ့ပိုးနေကြောင်း ဖော်ထုတ်သိရှိရသည်။

ထိုသို့ လက်နက်/ခဲယမ်းနှင့် ဆေးပစ္စည်းများ မင်းတပ်မြို့သို့ပို့ဆောင်ပေးနိုင်ရန် အေးငြိမ်းသူ၏ စေခိုင်းချက်အရ တရားခံကျော်ဌေးနှင့် ကျော်ကျော်ထွန်းတို့သည် ပခုက္ကူမြို့တာဝန်ခံအဖြစ်လည်းကောင်း၊ မပန်းဝေသည် ပေါက်မြို့တာဝန်ခံအဖြစ်လည်းကောင်း၊ ဇော်နိုင်ဝင်းသည် ကျောက်ထု/ဆောတာဝန်ခံအဖြစ်လည်းကောင်း၊ ဘချစ်သည် မင်းတပ်တာဝန်ခံအဖြစ်လည်းကောင်း အသီးသီးတာဝန်ခွဲဝေ၍ ပို့ဆောင်ခဲ့ကြကြောင်း သိရှိရသည်။

သယ်ယူပို့ဆောင်ရာ၌ ရန်ကုန်နှင့် မန္တလေးရှိ တာဝန်ခံတစ်ဦးစီမှ ရွှေမန္တလာ၊ ကြယ်စင်မိုး၊ ရောဝတီယာဉ်လိုင်းများဖြင့် ပခုက္ကူသို့ ပို့ဆောင်ခဲ့ကြောင်း၊ ပခုက္ကူသို့ရောက်ရှိပြီးပါက Double Cab (လိုင်စင်မဲ့)ယာဉ်ဖြင့် ပခုက္ကူ-ကမ္မ-ပေါက်-ကျောက်ထု-မင်းတပ် လမ်းကြောင်းအတိုင်း အဆင့်ဆင့်သယ်ယူပို့ဆောင်ခဲ့ကြောင်း၊ ဇူလိုင်မှ စက်တင်ဘာအတွင်း လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ ဆေးပစ္စည်းများ သယ်ယူမှု (၅)ကြိမ် ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားအောင် အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရန် လုပ်ဆောင်နေသည့် ချင်းပြည်နယ် မင်းတပ်မြို့ရှိ CDF အဖွဲ့ထံသို့ လက်နက်ခဲယမ်း၊ ငွေကြေး၊ ဆေးနှင့် ရိက္ခာပစ္စည်းများ ထောက်ပံ့ပို့ဆောင်နေသော ကျော်ဌေး အပါအဝင် သုံးဦးတို့ကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးတည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအသိပေးထားကြောင်း သိရသည်။

သတင်းစဉ်





အသက်မပြည့်သေးသော လူငယ်များအား ဝါဒမှိုင်းတိုက်၍ အကြမ်းဖက်မှုများ ကျူးလွန်ရန် ခိုင်းစေခဲ့သည့် NUG မှ ရည်မွန်

❂ ကျောဖုံးမှ

ခန့်သူရိန် (၁၆)နှစ်နှင့် ကြယ်စင်နှင်းဝေ(ခ) ကြယ်စင်(၁၄)နှစ်တို့ကို လည်းကောင်း၊ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ရပ်ကွက် အလယ်ဗဟိုလမ်း အမှတ်(၃၉၃)တွင် ဝေယံဖြိုး (၁၇)နှစ်ကို လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

**သိမ်းဆည်းရမိ**

စက်တင်ဘာ ၂၁ ရက်တွင် ဖမ်းဆီးရမိ တရားခံ ဟိန်းထက်အောင်၊ ဝေယံဖြိုး၊ သန့်ဇင်၊ ကြယ်စင်နှင်းဝေ၊ အောင်အောင်ဦး နှင့် ငြိမ်းချမ်းဖြိုးတို့၏ နေအိမ်များအား ရှာဖွေစစ်ဆေးခဲ့ရာ ယူနီဖောင်း ငါးစုံ၊ ဦးထုပ် နှစ်လုံး၊ စစ်ဖိနပ် သုံးရန်၊ Vest လေးထည်၊ ဖိုက်ဘာဦးထုပ်နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံများ ဖမ်းဆီးရမိမှု အနေဖြင့် ကျား ရှစ်ဦး၊ မ တစ်ဦး၊ ပေါင်း ကိုးဦး ဖမ်းဆီးရမိခဲ့ပြီး ယူနီဖောင်း ငါးစုံ၊ ဦးထုပ် နှစ်လုံး၊ စစ်ဖိနပ် သုံးရန်၊ Vest လေးထည်၊ ဖိုက်ဘာဦးထုပ် နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဇွန် ၁ ရက်တွင် အာကာ (ဖမ်းဆီးရန်ကျန်) ဆိုသူနှင့် ချိတ်ဆက်ကာ ဒလန်ရှင်းလင်းရေးနှင့် အကြမ်းဖက် ဖောက်ခွဲခြင်းများပြုလုပ်ရန် Freedom Fighters Force–Mayangone အဖွဲ့ကို ဟိန်းထက်အောင် (အဖွဲ့ခေါင်းဆောင်)၊ အောင်အောင်ဦး (F–1)၊ အောင်ကိုဦး (F–2)၊ ငြိမ်းချမ်းဖြိုး (F–3)၊ သန့်ဇင် (F–4)၊ လူကာ (F–5) (ဖမ်းဆီးရန်ကျန်)၊ ကိုထက်(F–6) (ဖမ်းဆီးရန်ကျန်)၊ အောင်ကိုထွေး(F–7)၊ ဝေယံဖြိုး(F–8)၊ ကြယ်စင်နှင်းဝေ(F–9)၊ ဟိန်းလတ်(F–10) (ဖမ်းဆီးရန်ကျန်)၊ ခန့်သူရိန်(F–11)၊ သူရရှင်း(F–12) (ဖမ်းဆီးရန်ကျန်) တို့နှင့် ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရသည်။

**သေနတ်ဖြင့်ပစ်ခတ်**

ဖမ်းဆီးရမိတရားခံများမှ လုပ်ကြံသတ်ဖြတ်ခြင်းများ ဆောင်ရွက်မှု အနေဖြင့် ဇူလိုင် ၂၅ ရက်တွင် ဟိန်းထက်အောင်၊ သန့်ဇင်နှင့် ဝေယံဖြိုး တို့မှ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်သို့ သွားရောက်ခဲ့ပြီး ဟိန်းထက်အောင်(ခ) ဈာန်ရဲမှ အပြစ်မဲ့ပြည်သူ ဦးမိုးကျော်စိုး ကို သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် သေဆုံးခဲ့ကြောင်း၊ ဩဂုတ် ၁ ရက်တွင် ဟိန်းထက်အောင်၊ သန့်ဇင်၊ အောင်အောင်ဦးနှင့် ငြိမ်းချမ်းဖြိုးတို့မှ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရစဖရုံးသို့ သွားရောက်ခဲ့ပြီး ငြိမ်းချမ်းဖြိုးနှင့် အောင်အောင်ဦး တို့မှ လက်ပစ်ဗုံး နှစ်လုံးကို ပစ်ခတ်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ ဦးဉာဏ်လှိုင်၊ ဦးနန်းဝင်း၊ ဦးသိန်းလွင်နှင့် မသီရိသော် တို့တွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း ဖော်ထုတ်သိရသည်။

အလားတူ စက်တင်ဘာ ၁၁ ရက်တွင် ဟိန်းထက်အောင်၊ အောင်ကိုဦး၊ ခန့်သူရိန်နှင့် အောင်ကိုထွေး တို့မှ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ပန်းတစ်ရာ လက်ဖက်ရည်ဆိုင်သို့ သွားရောက်ခဲ့ပြီး အောင်ကိုဦးမှ လက်ဖက်ရည်သောက်နေသော အပြစ်မဲ့ပြည်သူ ဦးစိန်သောင်း ကို သေနတ်ဖြင့် လေးချက် ပစ်ခတ်ခဲ့သဖြင့် ဦးစိန်သောင်းတွင် (စိုးရိမ်ရ)ဒဏ်ရာရရှိခဲ့ကြောင်း၊ စက်တင်ဘာ ၁၃ ရက်တွင် ဟိန်းထက်အောင်၊ အောင်ကိုဦး၊ အာကာ (ဖမ်းဆီးရန်ကျန်)နှင့် သန့်ဇင် တို့မှ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉) ရပ်ကွက်သို့ သွားရောက်ခဲ့ပြီး သန့်ဇင်မှ အပြစ်မဲ့ပြည်သူ ဦးနိုင်လင်း ကို သေနတ်ဖြင့် ခြောက်ချက် ပစ်ခတ်ခဲ့သဖြင့် သေဆုံးခဲ့ကြောင်း ဖော်ထုတ်သိရသည်။

ဖမ်းဆီးရမိ တရားခံများအနေဖြင့် ဖောက်ခွဲဖျက်ဆီးမှု (၁)ကြိမ်၊ အကြမ်းဖက်သတ်ဖြတ်မှု (၃)ကြိမ်တို့ ကျူးလွန်ခဲ့သူများဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများသည် လှိုင်တက္ကသိုလ်နယ်မြေ၊ အုန်းတောဆောင် အနီးတွင် အကြမ်းဖက်နှင့် ဖောက်ခွဲရေး သင်တန်း တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရသည်။

ဖမ်းဆီးရမိ တရားခံများသည် လုပ်ကြံသတ်ဖြတ်ရာတွင် အသုံးပြုသည့် သေနတ်နှင့် လက်ပစ်ဗုံးများအား NUG နှင့် ချိတ်ဆက်ဆောင်ရွက်သည့် အာကာ (ဖမ်းဆီးရန်ကျန်)ထံမှ ရယူဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အကြမ်းဖက် အဖွဲ့အစည်းဖြစ်သည့် NUG မှ ရည်မွန်နှင့် ဇော်ဝေစိုး တို့အနေဖြင့် အသက်မပြည့်သေးသည့် လူငယ်များကို ဝါဒမှိုင်းတိုက်၍ ခိုင်းစေခဲ့သောကြောင့် လူငယ်များ အနေဖြင့် မူးယစ်ဆေးဝါးသုံးစွဲကာ အကြမ်းဖက်ဖောက်ခွဲမှုများနှင့် လုပ်ကြံသတ်ဖြတ်မှုများကို ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရသည်။

**ဆုငွေများချီးမြှင့်ပေးမည်**

အထက်ပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာ နေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံ အသိပေးထားကြောင်း သိရသည်။

သတင်းစဉ်

**အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG မှ အသက်မပြည့်သေးသောလူငယ်များအား ဝါဒမှိုင်းတိုက်၍ ခိုင်းစေမှုကြောင့် အကြမ်းဖက်ဖောက်ခွဲသတ်ဖြတ်မှုကျူးလွန်ခဲ့သည့် တရားခံများ ဖမ်းဆီးရမိမှု**



ဟိန်းထက်အောင်
(ခ)ဈာန်ရဲ (၁၉)နှစ်
အဖွဲ့ခေါင်းဆောင်



အောင်အောင်ဦး (၂၁)နှစ်
(F–1)



အောင်ကိုဦး (၁၆)နှစ်
(F–2)



ငြိမ်းချမ်းဖြိုး (၂၁)နှစ်
(F–3)



သန့်ဇင် (၁၆)နှစ်
(F–4)



အောင်ကိုထွေး (၁၉)နှစ်
(F–7)



ဝေယံဖြိုး (၁၇)နှစ်
(F–8)



ကြယ်စင်နှင်းဝေ (၁၄)နှစ်
(F–9)



ခန့်သူရိန် (၁၆)နှစ်
(F–11)

# ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံမြို့နယ်၌ ငွေကျပ်သိန်း ၂၀၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံမြို့နယ်တွင် ငွေကျပ်သိန်း ၂၀၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၂ ရက် ညနေ ၄ နာရီတွင် မြောက်ဒဂုံမြို့နယ် (၂၈)ရပ်ကွက် ဆရာစံလမ်းရှိ တည်းခိုခန်းတစ်ခုရှေ့တွင် မူးယစ်ဆေးဝါး အရောင်းအဝယ်ပြုလုပ်နေကြောင်း သတင်းအရ ရှာဖွေခဲ့ရာ နိုင်လင်းဦး(၂၈)နှစ်၊ ဇော်ဇော်(ခ)ဇော်ကြီး (၃၈)နှစ်နှင့် ရန်အောင်မင်း(ခ)ဗန်ဒိန်း (၂၇)နှစ်၊ စိုင်းအောင်ထူး (၃၁)နှစ်၊ သိန်းမြင့်(ခ)ဦးကျော်(၅၄)နှစ်တို့ ငါးဦးကို စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၊ Toyota Caldina ယာဉ်တစ်စီး၊ Alphard ယာဉ်တစ်စီး၊ စက်ဘီးတစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ညနေ ၅ နာရီခန့်တွင် မြောက်ဒဂုံမြို့နယ် (၃၄)ရပ်ကွက် ကျွန်းရွှေဝါလမ်းရှိ စိုင်းအောင်ထူး၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀၀၀ နှင့် အိုက်စ်(မက်သ်အဖက်တမင်း) သုံးကီလိုတို့ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် သိမ်းဆည်းရမိ မူးယစ်ဆေးဝါး စုစုပေါင်းတန်ဖိုးမှာ ငွေကျပ်သိန်း ၂၀၀၀ ကျော်ဖြစ်ကြောင်းနှင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ကာကွယ်ဆေးထိုးနှံခြင်းသည် ရေရှည်မှာ ဒီရောဂါအန္တရာယ်မှ ကင်းဝေးမှာဖြစ်ပြီး လူတိုင်းမှာ ရောဂါကို တုံ့ပြန်နိုင်တဲ့ကိုယ်ခံအားတွေ၊ ပဋိပစ္စည်းတွေရှိနေရင် ရောဂါက ကူးချင်သလို ကူးလို့မရတော့ပါဘူး

ဒေါက်တာသန်းနိုင်စိုး

**ကာကွယ်ဆေးထိုးနှံခြင်း၏ အရေးကြီးပုံနှင့်ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးနှင့် တွေ့ဆုံမေးမြန်းထားပါသည်။**

ထက်လျှံ

**မေး။ ။ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းက အရေးကြီးပုံနဲ့ ကာကွယ်ဆေးရဲ့ ပေါ်ပေါက်လာပုံ သမိုင်းကြောင်းကို ပြောကြားပေးပါဦး။**

**ဖြေ။ ။** ကိုဗစ်-၁၉ ရောဂါနဲ့ ရင်ဆိုင်နေရချိန်မှာ ရောဂါကာကွယ်ရေးအတွက် ရေရှည်အကျိုးရလဒ်ရရှိဖို့နဲ့ တစ်ခုတည်းသော ထွက်ပေါက်က ကာကွယ်ဆေးထိုးနှံခြင်း ဖြစ်ပါတယ်။ ကာကွယ်ဆေးတွေ ပေါ်ပေါက်လာတယ်ဆိုတာ ခေတ်ပေါ်ဆေးသိပ္ပံပညာရဲ့ အသီးအပွင့်တွေလို့ ပြောလို့ရပါတယ်။

### ကာကွယ်ဆေးထိုးနှံခြင်း

ကာကွယ်ဆေးတွေက ဘာကြောင့်အရေးပါလာသလဲဆိုရင် လူသားတွေအနေနဲ့ ကပ်ရောဂါတွေကို အခုမှ ရင်ဆိုင်ရတာ မဟုတ်ပါဘူး။ ကိုဗစ်-၁၉ ရောဂါမတိုင်ခင် ကပ်ရောဂါတွေအများအပြား ရင်ဆိုင်ခဲ့ရပါတယ်။ ဒီရောဂါတွေကြောင့် သမိုင်းမှာ လူသန်းပေါင်းများစွာ ဆုံးရှုံးခဲ့ရတာတွေရှိခဲ့ပါတယ်။ အခု ကိုဗစ်-၁၉ ရောဂါကို နောက်ဆုံးကပ်ရောဂါလို့ ပြောလို့မရပါဘူး။ နောက်ထပ်အသစ်ဖြစ်ပေါ်လာနိုင်တဲ့ ကပ်ရောဂါတွေရှိလာနိုင်ပြီး ဒါကို Emerging Infectious Diseases လို့ခေါ်ပါတယ်။ လတ်တလော ဖြစ်ပွားမှုကျဆင်းနေပေမယ့် ပြန်လည်ခေါင်းထောင်လာနိုင်တဲ့ ကူးစက်ရောဂါတွေရှိပြီး ဒါကို Re-emerging Infectious Diseases လို့ ခေါ်ပါတယ်။ ဒီလို Emerging နဲ့ Re-emerging Infectious Diseases တွေရဲ့ သဘောအနေနဲ့ ကပ်ရောဂါအသွင် ဖြစ်ပွားနိုင်ပါတယ်။ ဒီလိုရောဂါတွေ ကပ်ရောဂါအသွင် ဖြစ်ပွားနိုင်တာကို ဖြေရှင်းနိုင်တဲ့ ထိရောက်တဲ့ စုပေါင်းနည်းလမ်းက ကမ္ဘာလုံးဆိုင်ရာကျန်းမာရေး Global Health ဖြစ်ပြီး Global Health လုပ်ငန်းစဉ်ရဲ့ အလွန်အစွမ်းထက်တဲ့လက်နက်က ကာကွယ်ဆေးထိုးနှံခြင်းဖြစ်ပါတယ်။

ကာကွယ်ဆေးတွေ ပေါ်လာတဲ့နေရာမှာ အကျိုးရှိဆုံးနဲ့ အထင်ရှားဆုံး ဥပမာက ကျောက်ရောဂါဖြစ်ပါတယ်။ ကျောက်ရောဂါဖြစ်ပွားရင် ဖြစ်ပွားသူဦးရေရဲ့ သုံးပုံတစ်ပုံအထိ သေဆုံးနိုင်ပြီး ရှင်သန်ကျန်ရစ်ခဲ့သူတွေအနေနဲ့ မျက်နှာမှာ ကျောက်ပေါက်မာတွေ၊ မျက်စိမမြင်တာတွေဖြစ်တာ ရှိတဲ့အတွက် ကပ်ရောဂါဆိုးကြီးတစ်ခုလို့ ပြောလို့ရပါတယ်။ ဒီကျောက်ရောဂါကိုလည်း လူသားတွေက နည်းအမျိုးမျိုးနဲ့ ကာကွယ်ထိန်းချုပ်နိုင်အောင် ဆောင်ရွက်ခဲ့ကြပါတယ်။

၁၇၉၆ ခုနှစ် မေလမှာ အင်္ဂလိပ်သမားတော် Edward Jenner က နွားခြံက နွားကျောက်ပေါက်ထားသူတွေမှာ လူနဲ့ပတ်သက်တဲ့ ကျောက်ရောဂါတွေ မဖြစ်ဘူးဆိုတာကို စတင်တွေ့ရှိပြီး



တောင်ငူမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။ သတင်းစဉ်

အသက် ၈ နှစ်အရွယ် James Phipps ကို နွားနို့ညှစ်တဲ့ အလုပ်သမ Sarah Nelms ရဲ့ နွားကျောက်ပေါက်တဲ့အနာက အရည်ကြည်ကိုယူပြီး James Phipps ရဲ့ အရေပြားမှာရှိတဲ့ ပြတ်ရှဒဏ်ရာထဲကို ထည့်ပေးလိုက်ပါတယ်။ နောက်ထပ် ခြောက်ပတ်လောက်ကြာတဲ့အခါမှာ ကျောက်ရောဂါနဲ့ ထိတွေ့စေတယ်။ ဒါပေမယ့် James Phipps မှာ ကျောက်ရောဂါဖြစ်တာမတွေ့ရပါဘူး။ အဲဒီကနေ ကျောက်ရောဂါကာကွယ်ဆေးကို စတင်တွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ Edward Jenner ရဲ့ တွေ့ရှိမှုက ခေတ်ပေါ်ကာကွယ်ဆေးတွေရဲ့ အစလို့ ပြောလို့ရပါတယ်။ လက်တင်ဘာသာလို နွားမကို Vacca လို့ ခေါ်ပါတယ်။ Edward Jenner ရဲ့တွေ့ရှိမှုကို ဂုဏ်ပြုပြီး နွားမကနေရတဲ့ ကာကွယ်ဆေးဖြစ်တဲ့အတွက် Vacca ကနေ နောက်ပိုင်းမှာ ကာကွယ်ဆေး Vaccination ဆိုပြီး ဝေါဟာရအသစ် ပေါ်ထွက်လာတာဖြစ်ပါတယ်။

### သိသိသာသာ တိုးတက်ပြောင်းလဲလာ

ကျောက်ရောဂါ ကာကွယ်ဆေးရဲ့ ကောင်းကျိုးတွေကို သိတဲ့အတွက် နိုင်ငံတိုင်းက အစိုးရတွေအနေနဲ့ ကျောက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းကို အားပေးခဲ့ပါတယ်။ ၁၇ နဲ့ ၁၈ ရာစုကြားမှာ ကိန်းဂဏန်းတွေက သိသိသာသာ တိုးတက်ပြောင်းလဲလာခဲ့တယ်။ Edward Jenner ရဲ့ ကာကွယ်ဆေးမပေါ်ခင်ကာလ သက္ကရာဇ် ၁၇၀၀ ကနေ ၁၇၉၇ ခုနှစ်အထိ ကျောက်ရောဂါကြောင့် သေဆုံးနှုန်းက လူတစ်သန်းမှာ ၃၀၀၀ အထိရှိခဲ့ပြီး ၁၈၃၈ ခုနှစ်မှ ၁၈၅၃ ခုနှစ်အတွင်း လူတစ်သန်းမှာ သေဆုံးနှုန်းက ၄၁၇ ဦးပဲရှိပါတယ်။ မဖြစ်မနေကာကွယ်ဆေးထိုးရမယ်လို့ သတ်မှတ်တဲ့ကာလ ၁၈၅၇ ခုနှစ်မှ ၁၈၆၆ ခုနှစ်အထိ လူတစ်သန်းမှာ သေဆုံးမှုနှုန်းက ၂၁၄ ဦးရှိပါတယ်။ ၁၈၈၉ ခုနှစ်မှ ၁၈၉၈ ခုနှစ်အထိ ကျောက်ရောဂါကာကွယ်ဆေးကို မထိုးမနေရ သတ်မှတ်ပြီး မထိုးရင် အရေးယူတဲ့အတွက် ကျောက်ရောဂါကြောင့်သေဆုံးမှုက လူတစ်သန်းမှာ ၁၀ ဦး ရှိပါတယ်။ ၁၉၈၀ ပြည့်နှစ် ကမ္ဘာပေါ်မှာ ကျောက်ရောဂါ လုံးဝကင်းစင်ပြီလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြေညာနိုင်ခဲ့ပါတယ်။ Edward Jenner ရဲ့ ကျောက်ရောဂါကာကွယ်ဆေး စတင်တွေ့ရှိမှုကနေ လူသန်းပေါင်းများစွာရဲ့အသက်ကို ဆက်လက်ကယ်ဆယ်နိုင်ခဲ့ပြီး ကမ္ဘာမြေကြီးပေါ်ကနေ ကျောက်ရောဂါလုံးဝပျောက်ကွယ်သွားတဲ့အဆင့်ထိ ရောက်ရှိလာတာက ကာကွယ်ဆေးရဲ့ အလွန်အောင်မြင်တဲ့ သမိုင်းကြောင်း ဖြစ်ပါတယ်။

**မေး။ ။ ကာကွယ်ဆေး အဆင့်ဆင့်ထုတ်လုပ်ပုံကို ရှင်းပြပေးပါဦး။**

**ဖြေ။ ။** ဆေးသိပ္ပံပညာရပ်တွေပိုပြီးထွန်းကားလာတဲ့အခါ ထပ်ပြီးကာကွယ်ဆေးတွေ တွေ့ရှိလာပါတယ်။ ပြင်သစ်သိပ္ပံပညာရှင် Louis Pasteur က ၁၈၈၀ ပြည့်နှစ်မှာ ကာလဝမ်းရောဂါ၊ ၁၈၈၅ ခုနှစ်မှာ ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးတွေကို တွေ့ရှိခဲ့ပါတယ်။ ဆက်လက်ပြီး ကာကွယ်ဆေးတွေ ထွက်ပေါ်လာတာက ကြက်ညှာချောင်းဆိုးရောဂါ (၁၉၁၄ခုနှစ်)၊ ဆုံဆို့နာကာကွယ်ဆေး (၁၉၂၆ ခုနှစ်)၊ မေးခိုင်ရောဂါကာကွယ်ဆေး(၁၉၃၈ခုနှစ်)၊ တုပ်ကွေးရောဂါကာကွယ်ဆေး(၁၉၄၅ ခုနှစ်)၊ ပါးချိတ်ရောင်ရောဂါ (၁၉၄၈ ခုနှစ်)၊ ပိုလီယိုရောဂါ (၁၉၅၅ ခုနှစ်)၊ ဝက်သက်ရောဂါ(၁၉၆၃ ခုနှစ်)၊ ဂျိုက်သိုးရောဂါ (၁၉၆၉ ခုနှစ်)၊ အသည်းရောင်အသားဝါဘီကာကွယ်ဆေး (၁၉၈၆ ခုနှစ်)၊ ဝမ်းပျက်ဝမ်းလျှောအတွက် ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေး (၁၉၈၈ ခုနှစ်)၊ Human Papillomavirus (HPV) ကာကွယ်ဆေး (၂၀၀၆ ခုနှစ်) စသဖြင့် ကူးစက်ရောဂါ တော်တော်များများအတွက် ကာကွယ်ဆေးတွေ ပေါ်ထွက်လာပါတယ်။ အချို့ကာကွယ်ဆေးတွေက ကူးစက်ရောဂါကာကွယ်ရုံတင်မကဘူး ကင်ဆာရောဂါကိုပါ အကာအကွယ်ပေးလာနိုင်တဲ့ အာနိသင်ရှိပါတယ်။ ဥပမာ- အသည်းရောင်အသားဝါဘီကာကွယ်ဆေးက ဘီပိုးကြောင့် အသည်းကင်ဆာဖြစ်တာ၊ HPV ကာကွယ်ဆေးက HPV ပိုးကြောင့် သားအိမ်ခေါင်းကင်ဆာဖြစ်တာတွေကို ထိထိရောက်ရောက် ကာကွယ်ပေးနိုင်ပါတယ်။

ကာကွယ်ဆေးဆိုတာ နောက်ဆုံးထွက်ရှိနေတဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပါအဝင် မည်သည့်ကာကွယ်ဆေးမဆို ထုတ်လုပ်မှုသုတေသန အဆင့်ပေါင်းများစွာကို ခက်ခက်ခဲခဲဖြတ်ရပါတယ်။ စတင်ထုတ်လုပ်တဲ့ နိုင်ငံအဆင့်မှာ အသိအမှတ်ပြုဖို့ အတော်ခက်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ အရေးပေါ် အသုံးပြုခွင့် စာရင်းထဲဝင်ဖို့ဆို ပိုပြီးခက်ပါတယ်။ ကာကွယ်ဆေးထုတ်လုပ်မှု လုပ်ငန်းစဉ်အစ (Preclinical Phase)မှာ တိရစ္ဆာန်တွေနဲ့ စမ်းသပ်လေ့ရှိပါတယ်။ ကာကွယ်ဆေးကြောင့် ထွက်လာတဲ့ ပဋိပစ္စည်းတွေက ရောဂါပိုးရဲ့ ဘယ်အပိုင်းကို တိုက်ခိုက်မလဲ၊ ဘယ် Antigen အပိုင်းကို တိုက်ခိုက်နိုင်မယ့်၊ ပဋိပစ္စည်းထွက်နိုင်မယ့် ဆေးမျိုးဖြစ်ရမလဲ ဆိုတာကို ဓာတ်ခွဲခန်းမှာ တိရစ္ဆာန်တွေနဲ့ အရင်စမ်းသပ်ပါတယ်။

### လူဦးရေဆယ်ဂဏန်းလောက်ကို စပြီးစမ်းသပ်

စမ်းသပ်မှုပေါင်း ရာထောင်ချီပြီး စမ်းသပ်လို့ တစ်ခုအောင်မြင်ချင်မှ အောင်မြင်မယ်ဆိုတဲ့ အနေအထားဖြစ်ပါတယ်။ ဘယ် Antigen ကို တိုက်ခိုက်မယ်၊ ဘယ် Antibody ကို ထွက်အောင်လုပ်မယ် စတင်သိလာပြီ၊ ဘေးကင်းစိတ်ချရမှုလည်း ရှိလာပြီဆိုရင် ကာကွယ်ဆေးသုတေသန လုပ်ငန်းစဉ် အဆင့်(၁)အနေနဲ့ လူဦးရေ ဆယ်ဂဏန်းလောက်ကို စပြီး စမ်းသပ်ပါတယ်။ အသက်အရွယ်လည်းငယ်၊ ကျန်းမာရေးလည်း ကောင်းတယ်၊ သန်သန်မာမာကို ရွေးရပါတယ်။ အဆင့်(၁)မှာ အဓိက စမ်းရတာက ကာကွယ်ဆေးရဲ့ စိတ်ချရမှု၊ ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်ကို လှုံ့ဆော်နိုင်စွမ်းတွေရှိပြီဆိုရင် လူမှာ ဘေးကင်းစိတ်ချရမှု ဘယ်လောက်အထိရှိတယ်ဆိုတာ စမ်းသပ်ပါတယ်။

ဘေးကင်းစိတ်ချရမှုတွေ ရှိတယ်ဆိုရင် Phase 2 မှာ ဒီထက်ပိုပြီး လူဦးရေရာဂဏန်းဖြစ်လာပါတယ်။ ဒီအဆင့်မှာ ဘေးကင်းစိတ်ချရမှုအပြင် သူ့ရဲ့ အာနိသင်ထက်မြက်မှုကို စမ်းသပ်ပါတယ်။ ဆေးပေးတဲ့ အုပ်စု၊ ဆေးမပေးတဲ့အုပ်စု ဒီလိုထားပြီး စမ်းသပ်ပါတယ်။ ဆေးအာနိသင်အရ အောင်မြင်မှုတွေရလာတယ်။ ဘေးအန္တရာယ်ကင်းရှင်းမှုရှိတယ်ဆိုရင် နောက်တစ်ဆင့်အနေနဲ့ Phase 3 ကို စမ်းရပါတယ်။

အဲဒီမှာ နေရာဒေသမတူညီတဲ့၊ နိုင်ငံတွေမတူညီတဲ့ လူဦးရေထောင်ပေါင်းများစွာပါတယ်။ ဒီလိုသုတေသနမျိုးမှာ အချို့ကို ကာကွယ်ဆေးထိုးတယ်၊ အချို့ကို ဆေးတော့ထိုးတယ်၊ ဒီကာကွယ်ဆေးတော့မဟုတ်ဘူး။ ဆေးထိုးခံရတဲ့သူကလည်း ကိုယ့်ကို ကာကွယ်ဆေးထိုးသလား၊ အခြားဆေးထိုးသလားမသိဘူး။ သုတေသနလုပ်တဲ့ ပညာရှင်ကလည်း ဘယ်သူ့ကို ဘယ်ဆေးထိုးမှန်းမသိဘူး။ ဘယ်သူ့ကို ဘယ်ဆေးပေးမယ်ဆိုတဲ့ ကိစ္စကို Randomize လုပ်ထားလို့ ဘယ်သူမှ မသိနိုင်ပါဘူး။ အချို့သုတေသနတွေမှာ ကိန်းဂဏန်းအချက်အလက်တွေကို ဆန်းစစ်ပေးတဲ့သူကိုယ်တိုင်တောင် မသိပါဘူး။ ဒီလိုအဆင့်ဆင့် တော်တော်ခက်ခက်ခဲခဲ လုပ်ရပါတယ်။ အဆင့်ဆင့်တိုင်းကို လျှို့ဝှက်စွာနဲ့ သုတေသနအဆင့်ဆင့်လုပ်ရပါတယ်။ ဒီလို Phase 3 ဆောင်ရွက်ပြီး အောင်မြင်မှ ဒီသုတေသန တွေ့ရှိချက်တွေကို သက်ဆိုင်ရာ နိုင်ငံရဲ့ FDA (သို့မဟုတ်) National Regulatory Authority က ကြည့်ပြီး နိုင်ငံအတွင်းမှာ အရင်ဆုံးခွင့်ပြုပါတယ်။

စာမျက်နှာ ၁၇ သို့ ☆

**၁၉၈၀ ပြည့်နှစ် ကမ္ဘာပေါ်မှာ ကျောက်ရောဂါ လုံးဝကင်းစင်ပြီလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြေညာနိုင်ခဲ့ပါတယ်။ Edward Jenner ရဲ့ ကျောက်ရောဂါကာကွယ်ဆေး စတင်တွေ့ရှိမှုကနေ လူသန်းပေါင်းများစွာရဲ့အသက်ကို ဆက်လက်ကယ်ဆယ်နိုင်ခဲ့ပြီး ကမ္ဘာမြေကြီးပေါ်ကနေ ကျောက်ရောဂါ လုံးဝပျောက်ကွယ်သွားတဲ့အဆင့်ထိ ရောက်ရှိလာတာက ကာကွယ်ဆေးရဲ့အလွန်အောင်မြင်တဲ့ သမိုင်းကြောင်းဖြစ်**

# ကျောက်ဖြူမြို့ရှိ ကျောက်တစ်လုံး IDPs စခန်းတွင် ခိုလှုံနေသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေး

**ကျောက်ဖြူ စက်တင်ဘာ ၂၃**

ကျောက်ဖြူမြို့ရှိ ကျောက်တစ်လုံး IDPs စခန်းတွင် ခိုလှုံနေကြသည့် အသက် ၁၈ နှစ်အထက်ရှိ ပြည်သူများနှင့် ဆေးထိုးရန်အကျုံးဝင်သူများကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ကျန်းမာရေးဌာနမှ ဝန်ထမ်းများက အဆိုပါ ခိုလှုံရာစခန်းသို့သွားရောက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ IDPs စခန်းသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းများ ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများက နှာခေါင်းစည်းများ အခမဲ့ဝေငှပေးကာ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး IDPs Camp မှ စေတနာ့ဝန်ထမ်းလူငယ်များကလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**အထူးပဲကျေးဇူးတင်**

ကာကွယ်ဆေးထိုးနှံပေးနေမှုနှင့်စပ်လျဉ်း၍ ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDPs စခန်းနေ ဦးမောင်အေးလှိုင်က "ကျွန်တော့် အသက်က ၃၆ နှစ်ရှိပါပြီ၊ ဒီနေ့က ကိုဗစ်ကာကွယ်ဆေးကို လာရောက်ထိုးနှံခြင်းဖြစ်ပါတယ်၊ ဆေးထိုးပြီးချိန်မှာ နာကျင်တာတို့၊ မူးဝေတာတို့ မရှိပါဘူး၊ ခုလို အသက် ၁၈ နှစ် အထက်ရှိသူတွေနဲ့ ဆေးထိုးဖို့အကျုံးဝင်တဲ့သူတွေကို လာရောက်ဆေးထိုးနှံပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်" ဟုပြောသည်။

အဆိုပါခိုလှုံရာစခန်းမှ အသက် ၆၅ နှစ်အထက်ရှိ ပြည်သူများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဩဂုတ် ၄ ရက်မှစ၍ ထိုးနှံပေးထားပြီးဖြစ်ကာ ယခုအခါ အသက် ၁၈ နှစ်အထက်ရှိ ကာကွယ်ဆေးထိုးရန်အကျုံးဝင်သူများကို စက်တင်ဘာ ၁၇ ရက်မှ စတင်ထိုးနှံပေးလျက်ရှိပြီး ယနေ့တွင် ဆေးထိုးရန်ကျန်ရှိနေသူများကို ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရှိရသည်။

သတင်း- တင်ထွန်းဦး

ဓာတ်ပုံ- ဖြိုးဝေလင်း(ပြန်/ဆက်)





☆ စာမျက်နှာ ၁၆ မှ

နိုင်ငံရဲ့ ခွင့်ပြုချက်ကိုရပြီဆိုမှ ဒီအထောက်အထားတွေနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကို တင်ရပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှာ ကျွမ်းကျင်ပညာရှင်တွေ ပါဝင်တဲ့အဖွဲ့ Strategic Advisory Group of Experts on Immunization (SAGE)က ထပ်ပြီး အခါခါ Review လုပ်ပါတယ်။ ကျေနပ်မှုရှိမှ အရေးပေါ်အသုံးပြုခွင့်စာရင်း WHO ရဲ့ Emergency Use List ထဲကို ထည့်ပြီး အသုံးပြုခွင့်ပေးပါတယ်။ ဒီတော့ ကာကွယ်ဆေးတစ်ခုအနေနဲ့ ဒီအရေးပေါ်အသုံးပြုခွင့်စာရင်းထဲပါဖို့က အလွန်ခက်ခက်ခဲခဲနဲ့ အဆင့်ပေါင်းများစွာ ဖြတ်သန်းရတာဖြစ်ပါတယ်။ ဒီလို အဆင့်ဆင့်ကျော်ဖြတ်ပြီးတာတောင် ဆက်လက်ပြီး ကာကွယ်ဆေးတွေရဲ့ ဘေးကင်းလုံခြုံမှု၊ အာနိသင်ထက်မြက်မှုနဲ့ ထုတ်လုပ်မှုလုပ်ငန်းစဉ်တွေကို သက်ဆိုင်ရာအဖွဲ့အစည်းတွေက ဆန်းစစ်ကြီးကြပ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းတွေ ဆောင်ရွက်နေတာဖြစ်ပါတယ်။

**ကာကွယ်ဆေးရဲ့ ကောင်းကျိုး**

လက်ရှိထိုးနှံနေတဲ့ ကာကွယ်ဆေး Covishield၊ Sinovac နဲ့ Sinopharm တွေက ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အရေးပေါ်အသုံးပြုခွင့်ပေးထားတဲ့ဆေးတွေဖြစ်ပြီး စိတ်ချလက်ချ ထိုးနှံဖို့လိုပါတယ်။ ဆေးရဲ့ တက်ရောက်ရမှု၊ ရောဂါပြင်းထန်မှုတွေက အခုလို "ဒယ်လ်တာ" ဖြစ်တဲ့အချိန်မှာ သိသိသာသာ လျော့ချနိုင်တဲ့အတွက် ကာကွယ်ဆေးရဲ့ ကောင်းကျိုးတွေက အများကြီးဖြစ်ပါတယ်။

မေး။ ။ လူမှုကွန်ရက်စာမျက်နှာမှာ ကာကွယ်ဆေးတွေနဲ့ဆိုင်တဲ့ သတင်းအမှားတွေ အမျိုးမျိုး ထွက်ပေါ်နေတာနဲ့ပတ်သက်ပြီး ပြောကြားပေးပါ။

ဖြေ ။ ကာကွယ်ဆေးတွေရဲ့ သတင်းအမှားနဲ့ ပတ်သက်ပြီး ဆေးသုတေသနပညာရှင်လောကမှာ လှုပ်လှုပ်ရှားရှားဖြစ်စေခဲ့တဲ့ အဖြစ်အပျက်တစ်ခုရှိပါတယ်။ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးတွေကို ၁၉၉၈ ခုနှစ်မှာ အင်္ဂလန်က သုတေသနပညာရှင်တစ်ယောက်က Lancet ဆိုတဲ့ နာမည်ကြီးဆေးပညာဂျာနယ်မှာ ရေးလိုက်တယ်။ ဒီကာကွယ်ဆေးကို ထိုးထားရင် ကလေးတွေမှာ ဦးနှောက်အာရုံကြောဖွံ့ဖြိုးမှုအားနည်းတဲ့ရောဂါ Autism နဲ့ပတ်သက်တဲ့ ရောဂါတစ်ခုခု ဖြစ်ပွားနိုင်ပြီး အူမကြီးရောင်တဲ့ရောဂါတွေ ဖြစ်ပွားနိုင်တယ်ဆိုပြီး ရေးလိုက်ပါတယ်။

**အမှားတွေကို မယုံကြည်ဖို့လို**

သူတို့နိုင်ငံတွေမှာ ကာကွယ်ဆေးနဲ့ပတ်သက်ပြီး လက်မခံတဲ့သူတွေရှိတဲ့အတွက် ဒီကာကွယ်ဆေးနဲ့ပတ်သက်ပြီး ဆိုးကျိုးတွေကို ပုံကြီးချဲ့ပြီးပြောကြပါတယ်။ မီဒီယာတွေကလည်းပြောကြတော့ အားလုံးက စိုးရိမ်သွားကြပါတယ်။ တကယ်တမ်း ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးဆိုတာ ကိုယ်ဝန်ဆောင်တွေနဲ့ ကလေးငယ်တွေအတွက် အလွန်ကောင်းတဲ့ ကာကွယ်ဆေးဖြစ်ပါတယ်။ နောက်ဆုံးကမ္ဘာတစ်ဝန်းမှာရှိတဲ့ သုတေသနအချက်အလက်တွေကို စုစည်းပြီး ဒီလိုဆိုးကျိုးတွေဖြစ်တာ မဟုတ်ဘူးဆိုပြီး ပြန်ရှင်းလင်းရပါတယ်။ နောက်ဆုံး Lancet ဂျာနယ်ကလည်း ဂျာနယ်ထဲမှာ ဖော်ပြပြီးသားစာတွေကို ပြန်ဖြုတ်သွားရပါတယ်။ ရေးသားတဲ့သုတေသနပညာရှင်လည်း မကောင်းဘူးဖြစ်သွားပါတယ်။ ကာကွယ်ဆေးနဲ့ပတ်သက်တဲ့ကောလာဟလဆိုတာ အခုမှ ထွက်တာမဟုတ်ပါဘူး။ ဒါကြောင့် သတင်းအမှားတွေကို မယုံကြည်ဖို့လိုပါတယ်။

နိုင်ငံတကာမှာ နိုင်ငံခေါင်းဆောင်တွေ အပါအဝင် လတ်တလောပြောဆိုနေကြတာက လက်ရှိဖြစ်နေတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါက ပုံစံပြောင်းသွားပြီလို့ဆိုပါတယ်၊ "the only pandemic among the unvaccinated" ဆိုပြီးဖြစ်ပါတယ်။ ကာကွယ်ဆေးမထိုးထားတဲ့သူတွေဆီမှာ ကပ်ရောဂါပြင်းပြင်းထန်ထန်ဖြစ်ပွားမှုတွေများတယ်၊ ကာကွယ်ဆေးထိုးထားသူတွေဆီမှာ ကပ်ရောဂါက သိပ်ပြင်းပြင်းထန်ထန်မဖြစ်တော့ဘူးလို့ဆိုတဲ့ သဘောကို တင်စားပြီးပြောတာဖြစ်ပါတယ်။

လက်ရှိမြန်မာနိုင်ငံမှာရရှိနေတဲ့ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးတွေက ပထမအဆင့် ထုတ်လုပ်တဲ့ နိုင်ငံရဲ့ FDA/ NRA အသိအမှတ်ပြုထားခြင်း၊ ဒုတိယအဆင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ အရေးပေါ်အသုံးပြုခွင့် စာရင်းထဲမှာပါဝင်ခြင်း၊ တတိယအဆင့် မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာနရဲ့ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အသိအမှတ်ပြုခြင်းတွေ ရရှိထားတဲ့အပြင် ကမ္ဘာအနှံ့ နိုင်ငံပေါင်းများစွာမှာ လူသန်းပေါင်းများစွာကို ထိုးနှံပြီးတာဖြစ်တဲ့အတွက် ဘေးကင်းစိတ်ချရမှုနှင့် အာနိသင်ထက်မြက်မှုတွေရှိတဲ့အတွက် ယုံယုံကြည်ကြည်နဲ့ ထိုးနှံမှုခံယူသင့်ပါတယ်။

**မျိုးဗီဇပြောင်းတာတွေ လျော့သွား**

ကာကွယ်ဆေးထိုးနှံခြင်းသည် ရေရှည်မှာ ဒီရောဂါအန္တရာယ်မှ ကင်းဝေးမှာဖြစ်ပြီး လူတိုင်းမှာ ရောဂါကို တုံ့ပြန်နိုင်တဲ့ကိုယ်ခံအားတွေ၊ ပဋိပစ္စည်းတွေရှိနေရင် ရောဂါက ကူးချင်သလို ကူးလို့မရတော့ပါဘူး။ မျိုးဗီဇပြောင်းတာတွေ လျော့သွားမယ်။ ဒီတော့ကာကွယ်ဆေး လွှမ်းခြုံမှုအားကောင်းဖို့လိုပါတယ်။ အခုလို နိုင်ငံတော်က အခမဲ့ထိုးနှံပေးနေတဲ့အချိန်မှာ ကိုယ့်အလှည့်ရောက်ပြီဆိုတာနဲ့ မပျက်မကွက် အကြိမ်ပြည့်ထိုးနှံခြင်း ခံယူသင့်ပါတယ်။

ကျန်မာရေးဝန်ကြီးဌာနက နောက်ထပ် ကာကွယ်ဆေးထိုးနှံဖို့ လူအုပ်စုတွေကို တိုးချဲ့ပြီး စက်တင်ဘာ ၁၇ ရက်မှာ ထုတ်ပြန်ထားတာရှိပါတယ်။ အသက် ၅၅ နှစ်အထိ အသက်အုပ်စုကို လျှော့ချပြီး မသန်စွမ်းသူတွေအုပ်စု၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက တပ်ဖွဲ့ဝင်နဲ့ မိသားစုဝင်တွေအုပ်စု၊ ရွှေ့ပြောင်းလူအုပ်စုများနှင့် ယာယီစခန်းများမှ လူအုပ်စု၊ နာတာရှည်နှင့် မကူးစက်နိုင်သောရောဂါရှိသူများအုပ်စုတွေကို တိုးချဲ့ကြေညာထားပါတယ်။

**မပျက်မကွက် အကြိမ်ပြည့်ထိုးနှံကြ**

ဒါကြောင့် ကာကွယ်ဆေးကို မပျက်မကွက် အကြိမ်ပြည့်ထိုးနှံကြပါ။ ဆေးထိုးစုရပ်ကို လာတဲ့အခါမှာ မှတ်ပုံတင် သို့မဟုတ် သက်သေခံနိုင်တဲ့ အထောက်အထားတစ်ခုခု ယူသွားဖို့ မမေ့ပါနဲ့။ ပထမအကြိမ်ထိုးပြီးသူတွေက ဒုတိယအကြိမ် မဖြစ်မနေလာထိုးကြပါ။ ဒုတိယအကြိမ်ကို သတ်မှတ်ရက် အတိအကျ မထိုးနှံနိုင်ပါကလည်း အနီးဆုံးသတ်မှတ်ကာလအတွင်း နီးစပ်ရာ ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်ထိုးနှံခြင်းခံယူကြပါ။ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးပါက ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပေးတဲ့ QR Code ပါသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးမှတ်တမ်းကတ်ပြားများကို မပျောက်ပျက်အောင် သိမ်းထားပေးကြပါလို့ တင်ပြလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။

■

# ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီး ပြန်လည်ကျန်းမာလာသူများ၏ ရင်တွင်းစကားသံများ

**ရော၀တီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၂ ရက်အထိ ရောဂါကူးစက်ခံရသူပေါင်း ၈၃၀ ရှိပြီး ရောဂါသက်သာပျောက်ကင်း၍ ဆေးရုံဆင်းခွင့်ရရှိသူ ၆၈၄ ဦးရှိရာ ရောဂါသက်သာပျောက်ကင်း၍ ဆေးရုံမှဆင်းခွင့်ရရှိသူတစ်ဦးနှင့် Quarantine ၀င်ရသူတို့၏ တွေ့ကြုံခံစားရမှုများကို ယခုကဲ့သို့ ပြောကြားခဲ့သည်။**

**ဝင်းကြိုင်(ပြန်/ဆက်)**



မမြင့်မြင့်ရှိန်



မသက်ရွှေစင်

**မမြင့်မြင့်ရှိန်**

ကျွန်မနာမည်ကတော့ မမြင့်မြင့်ရှိန်ပါ၊ ၂၀၂၁ ခုနှစ် ဇူလိုင် ၇ ရက်ကစပြီး ဖျားချင်သလိုဖြစ်ပါတယ်၊ အပြင်ဆေးခန်းမှာ သွားပြပါတယ်၊ နောက်တစ်နေ့မှာ အနံ့စပျောက်ပါတယ်၊ ကိုယ်တွေလက်တွေ ကိုက်ခဲလာပါတယ်၊ အိမ်မှာဆေးသောက်လို့ မသက်သာပါဘူး၊ ဇူလိုင် ၁၀ ရက်မှာ မြို့နယ်ဆေးရုံကို သွားပြီးစစ်ပါတယ်။ အဖြေက Positive ထွက်ပါတယ်၊ အဲဒီနေ့မှာပဲ ကိုဗစ်အတည်ပြုလူနာတွေထားတဲ့ ချောင်ကြီးတိုက်နယ်ဆေးရုံကို ပို့ပါတယ်၊ ပထမနေ့မှာ အဖျားမတက်သေးပါဘူး၊ နောက်တစ်နေ့ကျ အဖျားတက်လာပါတယ်၊ အရသာပါ ပျောက်သွားပါတယ်၊ တစ်နေ့တခြား ဆေးသောက်ရင်း ပိုဆိုးလာပါတယ်၊ ခုနစ်ရက်မြောက်တဲ့နေ့မှာ ဆီးချို ၄၀၀ ကျော်လာပါတယ်၊ အောက်ဆီဂျင် ၈၀ လောက် ကျလာပါတယ်၊ တာ၀န်ကျဆရာက သေချာစစ်ဆေးပြီး မြို့နယ်ပြည်သူ့ဆေးရုံကို လှမ်းအကြောင်းကြားပေးပါတယ်၊ ညတွင်းချင်း ဆေးရုံအရေးပေါ်ကားနဲ့ လာခေါ်ပါတယ်၊ မြို့နယ်ဆရာ၀န်ကြီးကိုယ်တိုင် စစ်ဆေးပြီး လိုအပ်တဲ့ဆေးတွေ ထိုးပေးပြီး သောက်ဆေးပေးပါတယ်၊ နောက်တစ်နေ့ ဆီးချို (၄၈၀/၅၀၀) လောက်တက်ပါတယ်၊ လုံး၀မလှုပ်နိုင်တော့ပါဘူး၊ အရမ်းမောလာပြီး သတိရတစ်ချက် မရတစ်ချက်ထိဖြစ်လာပါတယ်။ ဆေးရုံမှ ဆရာ၀န်ကြီးနဲ့တာ၀န်ကျ ဆရာ ဆရာမတွေရဲ့ ဂရုစိုက်ကုသပေးမှုကြောင့် ဇူလိုင် ၂၅ ရက်မှာ ဆေးရုံဆင်းခွင့်ရခဲ့ပါတယ်။ ကြက်ခြေနီသူနာပြုတပ်ဖွဲ့က နေအိမ်ကို လိုက်လံပို့ဆောင်ပေးခဲ့ပါတယ်၊ အိမ်မှာ ၁၀ ရက် Home Quarantine နေထိုင်ပါတယ်။ အိမ်ပြန်ရောက်ခါစ အရမ်းမောလို့လှုပ်တောင် မလှုပ်နိုင်ပါဘူး။ တစ်လလောက်ကြာမှ သက်သာလာပါတယ်၊ တကယ့်ကိုကြောက်စရာကောင်းတဲ့ ရောဂါဖြစ်လို့ ကာကွယ်ဆေးထိုးကြဖို့ တိုက်တွန်းချင်ပါတယ်၊ ဒါကြောင့် ကိုဗစ်ကာကွယ်ဆေးထိုးဖို့ အလှည့်ကျလာရင် မပျက်မကွက်ထိုးနှံကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

**မသက်ရွှေစင်**

ကျွန်မနာမည်ကတော့ မသက်ရွှေစင်ပါ၊ အသက်(၂၆)နှစ်ပါ၊ ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၀န်ထမ်းတစ်ဦးဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းမှာ ရုံးက၀န်ထမ်းနှစ်ဦး နေမကောင်းလို့ ဆေးရုံသွားပြရာကနေ ကိုဗစ်-၁၉ positive လို့ သိရပါတယ်။ အဲဒီနေ့ နေ့လယ်ပိုင်းမှာ ရုံးက၀န်ထမ်းအားလုံးကို test kit နဲ့ စစ်ဆေးတော့ ကျွန်မအပါအ၀င် ၀န်ထမ်းစုစုပေါင်း ၁၁ ဦး positive တွေ့ပါတယ်။ ကျွန်မတို့ ၁၁ ဦးကို မြို့နယ်ဆရာ၀န်ကြီးက ရုံး၀င်းအတွင်း သီးသန့်နေထိုင်ဖို့ ညွှန်ကြားလို့ စည်ပင်သာယာရေးအဖွဲ့ရုံး၀င်းမှာ သီးခြားနေထိုင်ခဲ့ကြပါတယ်။ မစစ်ဆေးခင် နှစ်ရက်အလိုက ကိုယ်တွေလက်တွေ ကိုက်ခဲလာပါတယ်၊ စည်ပင်သာယာရေးအဖွဲ့ရုံး၀င်းမှာ နေထိုင်စဉ်ကာလက ကိုယ်လက်ကိုက်ခဲဖျားနာတာ သက်သာခဲ့ပေမယ့် နှာပိတ်တာ၊ ခေါင်းကိုက်တာ၊ မောတာတွေ ခံစားခဲ့ရပါတယ်။ မြို့နယ်ပြည်သူ့ဆေးရုံက အားဆေးနဲ့ နှာခေါင်းစည်းတွေ ပို့ပေးခဲ့ပါတယ်။ ဇူလိုင် ၂၀ ရက်မှာ အိမ်ပြန်ခွင့် ရခဲ့ပါတယ်။ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့က နေအိမ်ကို လိုက်လံပို့ဆောင်ပေးပါတယ်။ နေအိမ်မှာ Home Quarantine ၁၀ ရက် နေထိုင်ခဲ့ပါတယ်။ အိမ်ပြန်ရောက်ခါစမှာ မောတာ၊ ခြေလက်ကျဉ်တာ၊ ခေါင်းကိုက်တာတွေ ခံစားခဲ့ရပါတယ်။ အခုအချိန်မှာ ကိုဗစ်-၁၉ positive ဖြစ်ခဲ့တာ နှစ်လကျော် ကြာမြင့်ခဲ့ပေမယ့် မောတဲ့ဝေဒနာကို ခံစားနေရတုန်းပါ၊ ဒါကြောင့်မို့ ကိုဗစ်-၁၉ ရောဂါ မိမိကိုယ်တိုင်ရော မိမိပတ်၀န်းကျင်မှာပါ မဖြစ်ပွားစေဖို့ ကျန်းမာရေး၀န်ကြီးဌာနရဲ့ စည်းကမ်းတွေကို လိုက်နာပြီး စနစ်တကျ ဂရုစိုက်နေထိုင်ကြဖို့ တိုက်တွန်းလိုက်ပါတယ်။

# ကိုဗစ်-၁၉ ရောဂါ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ တင်သွင်းပေးလျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၂၃**

စီးပွားရေးနှင့် ကူးသန်းရောင်း၀ယ်ရေး၀န်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများနှင့် မူဆယ်၊ မြ၀တီနှင့် ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်း သုံးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ငါးခုမှ ယာဉ်စီးရေ ၁၀ စီးဖြင့် အောက်ဆီဂျင် (ခာတ်ငွေ့) Bowser ယာဉ်တစ်စီးဖြင့် တန် ၂၀၊ အောက်ဆီဂျင် (အိုးခွံ) ၃၄၆၀၊ အောက်ဆီဂျင်ထုတ်စက်တစ်ခု၊ အိမ်သုံး အောက်ဆီဂျင်စက် ၁၀၅ ခုနှင့် နှာခေါင်းစည်း ၄၃ တန်တင်သွင်းခဲ့သည်။ အောက်ဆီဂျင်(ခာတ်ငွေ့) Bowser ယာဉ်တစ်စီးမှာ ပဲခူးမြို့သို့ ဖြစ်ပြီး အောက်ဆီဂျင်ထုတ်စက်တစ်ခုမှာ မူဆယ်မှ ဟားခါးမြို့သို့ တစ်ခုဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှ တင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်း၀ယ်ရေး၀န်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေး၀ါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်သက်ဆိုင်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန်၀န်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ၀င်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

## လက်ပံတန်းမြို့နယ်၌ ကျေးရွာအဆင့်ခေါင်းဆောင်မှုနှင့် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး အသိပညာပေးသင်တန်းဖွင့်လှစ်

**လက်ပံတန်း စက်တင်ဘာ ၂၃**

လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ပံတန်းမြို့နယ်အတွင်း ကျေးလက်နေပြည်သူများ၏ ခေါင်းဆောင်မှုနှင့် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး အသိပညာပေးသင်တန်းကို ယမန်နေ့က လက်ပံတန်းမြို့နယ်အတွင်းရှိ မြေစီကျေးရွာ၊ ရှမ်းကွင်းကျေးရွာ၊ ဆင်ကူးကျေးရွာ၊ သရက်ချောင်းရွာမကျေးရွာ၊ စီတုန်းကျေးရွာ၊ တောင်တန်းမြိုင်ကျေးရွာ၊ အုတ်ဖိုစုကျေးရွာ၊ လွစင်ကုန်းကျေးရွာ၊ မြန်မာကံကလေးကျေးရွာနှင့် ရှမ်းစုကျေးရွာတို့မှ သင်တန်းသားသင်တန်းသူများအား သင်ကြားပေးခဲ့ကြောင်း သိရသည်။

သင်တန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေသည့် ကျေးရွာ ၁၀ ရွာမှ သင်တန်းသား ၂၂ ဦး၊ သင်တန်းသူ ၂၈ ဦး စုစုပေါင်း ၅၀ အား အဆိုပါကျေးရွာများ၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးလှိုင်နှင့် ၀န်ထမ်းများက ကိုဗစ်ကာလညွှန်ကြားချက်များနှင့်အညီ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **ဖြိုးကျော် (ပုံတောင်မြေ)**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၃**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီခုနစ်ခုမှ Zibus Tablets ၁၅၀၁၅၀၊ Sunpred Tablets ၈၄၉၃ ခု၊ Recovit Capsule ၂၀၀၀၀၊ Medixox – CV 625 Tablet ၂၁၀၅ ခု၊ Albutein ၉၃၉၁ ခု၊ Laxopan Injection ၁၂၀၀၀၊ Oxygen Ring Detection Of Human Health Index အခု ၂၀၊ အိမ်သုံးအောက်ဆီဂျင်စက် အခု ၄၀၊ ရန်ကုန်ဆိပ်ကမ်းများမှ Oxygen Mask ၈၀၀၀၊ Nasal Cannula အခု ၁၅၀၀၊ Oxygen Cylinder အခု ၃၄၆၀၊ Flow Meter/ Regulator အခု ၄၀၀၀၊ အိမ်သုံးအောက်ဆီဂျင်စက် ၆၅ ခုနှင့် ဆေး၀ါးမျိုးစုံ ၆၂ မျိုး ၁၄၆၀၂၇၁ ဒသမ ၂ ကီလိုဂရမ်၊ နယ်စပ် (မူဆယ်၊ မြ၀တီ၊ ချင်းရွှေဟော်) တွင် ကုမ္ပဏီ ၁၂ ခုတို့မှ နှာခေါင်းစည်း ၅၄၃၇၆ ကီလိုဂရမ်၊ Flow Meter/Regulator အခု ၁၂၀၀၊ အောက်ဆီဂျင်ထုတ်စက် နှစ်ခု၊ Hospital Bed ၁၃၂ ခု၊ Oxygen Face Mask အခု ၂၀၀၀၊ Air Compressor တစ်ခု၊ Sodium Chloride Injection ၆၀၉၆၀ ကီလိုဂရမ်၊ Oxygen Booster



တစ်ခု၊ Oxygen Gas ၂၀ ကုဗမီတာ၊ အောက်ဆီဂျင်အရည် ၂၃ တန်တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# EV(လျှပ်စစ်ကား)နှင့် ICE Vehicle (လောင်စာဆီသုံး အင်ဂျင်ကား)တို့ ကွာခြားမှုအားသာချက်များအကြောင်း


**အင်ဂျင်နီယာထွန်း (စက်မှုစီးပွားထူးချွန်ဆု)** Former Part- Time Professor, D.S.T.A

နိုင်ငံတော်အကြီးအကဲက ယနေ့ မြန်မာနိုင်ငံတွင် လျှပ်စစ်ယာဉ် (EV– Electric Vehicle) များ သုံးစွဲနိုင်ရေး ကြိုးပမ်းကြရန် တိုက်တွန်းရခြင်းသည် အောက်ဖော်ပြပါ အကြောင်းများကြောင့်ဆိုလျှင် မမှားနိုင်ပေ။

**လျှပ်စစ်ယာဉ်သုံးစွဲခြင်း အားသာချက်များ**

လျှပ်စစ်ယာဉ် (EV–Electric Vehicle) များ သုံးစွဲခြင်းဖြင့် ပြည်ပမှ လောင်စာဆီ ဝယ်ယူတင်သွင်းနေရသည့် နိုင်ငံခြားငွေသုံးစွဲရမှု လျော့နည်းပပျောက်စေခြင်း၊ လောင်စာဆီသုံးယာဉ်များ (ICE–Internal Combustion Engine) Vehicle ၏ မောင်းနှင်အသုံးပြုနိုင်ရန် အင်အားဖြစ်ပေါ်ရေးအတွက် လောင်ကျွမ်းမှုမှ ထွက်ပေါ်လာသော အဆိပ်ဓာတ်ငွေ့ ကာဗွန်ဒိုင်အောက်ဆိုက်ကြောင့် လူ၊ သတ္တဝါများနှင့် သစ်ပင်များ ထိခိုက်ပျက်စီး သေကျေကြရမှု လွတ်ကင်းစေခြင်း၊ EV ယာဉ်များ သွားလာရာတွင် ICE ယာဉ်များကဲ့သို့ ဆူညံသံမဖြစ်ပေါ်စေခြင်းနှင့် မောင်းနှင်ရန် လိုအပ်သည့် စွမ်းအင်ရရှိစေဖို့ စုဖွဲ့တည်ဆောက်ထားသည့် ပစ္စည်းအစိတ်ပိုင်းအုပ်စု ပါဝင်မှုနည်းပါးပြီး




လွယ်ကူရှင်းလင်းပေါ့ပါးသည့်အတွက် ICE ယာဉ်များကဲ့သို့ ရှုပ်ထွေးများပြား လေးလံသည့်အင်ဂျင်အုပ်စု စုဖွဲ့တည်ဆောက်ထားသည့် အစိတ်အပိုင်းများထက် EV ယာဉ်များတည်ဆောက်မှုတွင် Induction Motor & Inverter စသော နည်းပါးသည့် အစိတ်အပိုင်းများဖြင့်သာ ပေါ့ပါးစွာ စုဖွဲ့တည်ဆောက်ထားသဖြင့် ပျက်စီးချို့ယွင်းနိုင်မှုနည်းပါး၍ ပြုပြင်ထိန်းသိမ်းရန် လွယ်ကူသောကြောင့် ယာဉ်ပြုပြင်ထိန်းသိမ်းစရိတ်များစွာ လျော့နည်းစေပါသည်။

EV ယာဉ်နှင့် ICE ယာဉ်တို့၏ အလေးချိန်နှင့် စွမ်းအားပေးနိုင်မှုအချိုး နှိုင်းယှဉ်ရာတွင် EV ယာဉ်မှာ (8.5 KW/kg) စွမ်းအားရရှိပြီး ICE ယာဉ်မှာ (0.8 KW/kg) သာ စွမ်းအားရရှိသည့်အတွက် မောင်းနှင်ကုန်ကျစရိတ်မှာ EV ($0.03/mile) ဖြစ်ပြီး ICE Vehicle ($0.1/mile) ဖြစ်သဖြင့် အကွာအဝေးများများမောင်းလေ EV ယာဉ်ဖြင့် သွားလာစရိတ်ကုန်ကျမှုသည် ICE ယာဉ် အသုံးပြုကုန်ကျစရိတ်ထက် များစွာသက်သာကြောင်း နိုင်ငံတကာတွင် စမ်းသပ်တွေ့ရှိထားသည့်အတွက် EV ယာဉ်များကို သုံးစွဲကြည့်ရန် အလေးထားစဉ်းစားနိုင်ရန် ရှင်းလင်းတင်ပြခြင်း ဖြစ်ပါသည်။

EV ယာဉ်သည် ICE ယာဉ်ထက် ပေါ့ပါးပြီး ကမ္ဘာမြေ၏ ဗဟိုချက်သို့ ဆွဲငင်သည့်အား (CG –Center of Gravity) မှာ မြေပြင်နှင့် ပိုမိုနီးကပ်သဖြင့် အရှိန်ဖြင့်ကွေ့ရာတွင် တိမ်းမှောက်နိုင်မှုကို ကာကွယ်နိုင်ခြင်း၊ အရှိန်ဖြင့်မောင်းနှင်သွားလာရာတွင်လည်း တော်ရုံတန်ရုံတိမ်းမှောက်မှု မရှိခြင်း၊ ကားဘီးများပွန်းစားမှု လျော့နည်းစေမှုကြောင့် ကားဘီးသက်တမ်း ကြာရှည်ခံသဖြင့် ကုန်ကျစရိတ် လျော့နည်းစေခြင်းတို့ကလည်း EV ယာဉ်၏ အားသာချက်များ ဖြစ်ပါသည်။

ဈေးကြီးသည့် နိုင်ငံခြားဖြစ် စက်သုံးဆီအပြင် အင်ဂျင်ဝိုင်အစရှိသည့် အစိတ်ပိုင်းအုပ်စုများ လည်ပတ်ဖို့ ထည့်ပေးရသော ချောဆီများကို EV ယာဉ်များ မောင်းနှင်အသုံးပြုရာတွင် မလိုအပ်တော့သဖြင့် ကုန်ကျစရိတ် များစွာသက်သာစေပါသည်။

**EV ယာဉ်များသုံးစွဲမှု တိုးတက်လာမည်**

EV ယာဉ်များ၏ အဓိကစွမ်းအားဖြည့်ပေးရသည့်ဘက်ထရီ Li–ion မှာ ဈေးမြင့်နေသော်လည်း နည်းပညာတိုးတက်လာသည်နှင့် ဈေးလျော့ကျပြီး အရည်အသွေးတိုးမြင့်လာသည့် Li–Fe Battery, LiFePO4 Battery, Iron–Graphite Foils Battery စသည်ဖြင့် တိုးတက်ပြောင်းလဲသုံးစွဲနိုင်ရန်လည်း ပညာရှင်များက ကြိုးပမ်းတီထွင်ပေးလျက်ရှိသည့်အတွက် များမကြာမီခေတ်ကာလတွင် EV ယာဉ်များသုံးစွဲမှုမှာ အံ့မခန်းတိုးတက်လာမည် ဖြစ်ပါသည်။ ထို့ပြင် ၂၀၂၃ ခုနှစ် ဒုတိယလေးလပတ်မှစပြီး BYD မှ EV ကားများအတွက် အဆင့်မြင့်တီထွင်ထားသည့် BYD New Blade Battery များကို ကျယ်ပြန့်စွာ ထုတ်လုပ်ရောင်းချသွားမည့်အကြောင်း သိရှိရပါသည်။

၂၀၂၀ ပြည့်နှစ်တွင် SAIC နှင့် US car giant General Motors (GM)တို့ Joint Venture ထုတ်လုပ်သည့် Mini EV ကားများသည် USD 4100 – USD 5600 ခန့်ဈေးနှုန်းများမှအစပြု၍ အခြားအဆင့်မြင့် EV ကားများမှာ အမျိုးအစားအလိုက် ဈေးနှုန်းအစားစားရှိကြပါသည်။

နာမည်ကြီး ကားကုမ္ပဏီများမှ ထုတ်လုပ်သော ကားများထက် BYD တရုတ်ပိုင် ကားကုမ္ပဏီနှင့် ၎င်းနာမည်ကြီး ကားကုမ္ပဏီများဖြစ်သော Tesla, GM, Ford, Chavolet, Mercedes, Volkswagen, Hundai, Toyota, Renault, etc တို့နှင့် Joint Venture များပြုလုပ်ပြီး Integrated High Technology ဖြင့် ယခင်ထက်ဈေးနှုန်းသက်သာစွာ ထုတ်လုပ်ဖြန့်ဖြူးလာနိုင်ပြီဖြစ်ပါသည်။

**အစီအစဉ်များကို စီမံပေးနိုင်ပါလျှင်**

ကျွန်တော့်လို EV ယာဉ်များအကြောင်း ဗဟုသုတရသူများ၊ EV ကားများကို ပိုင်ဆိုင်မောင်းနှင်ချင်သူများ အများအပြားရှိလာနိုင်မည်ဖြစ်သော်လည်း ချက်ချင်းငွေပေးချေ (Cash Down) ဝယ်ယူနိုင်ရန် အခက်အခဲရှိကြပါလိမ့်မည်။ လောင်စာဆီသုံး အင်ဂျင်ကားများထက် EV လျှပ်စစ်ကားများကို သက်သာသောဈေးနှုန်းဖြင့် အများပြည်သူဝယ်ယူခွင့်ရရှိအောင် သက်ဆိုင်ရာက မူဝါဒချမှတ်ပေးခြင်း၊ သုံးစွဲသူတို့ အဆင်ပြေချောမွေ့မှုရှိစေရန် အချိန်တိုအတွင်း Charging ဖြည့်သွင်းနိုင်သော Fast Charging System များ၊ Servicing များကိုလည်း သက်ဆိုင်ရာဌာနများနှင့် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသူလုပ်ငန်းရှင်များ ပူးပေါင်းကာ ပေါင်းစပ်စီမံဖြည့်ဆည်းပေးခြင်း၊ အစိုးရဌာနများနှင့် အဖွဲ့အစည်းများရှိဝန်ထမ်းများ ကျယ်ပြန့်စွာသုံးစွဲနိုင်ကြရန်အတွက် Down payment and Installment ပေါင်းစပ်ရောင်းချပေးနိုင်ခြင်း စသည့်အစီအစဉ်များကို စီမံပေးနိုင်ပါလျှင် မြန်မာပြည်သူများ ခေတ်မီအဆင့်မြင့်စွာဖြင့် EV ယာဉ်များ သုံးစွဲလာသူ တစ်စတစ်စတိုးပွားလာမည်ကို မြော်တွေးမိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**လျှပ်စစ်ယာဉ်များ သုံးစွဲခြင်းဖြင့် ပြည်ပမှလောင်စာဆီ ဝယ်ယူတင်သွင်းနေရသည့် နိုင်ငံခြားငွေသုံးစွဲရမှု လျော့နည်းပပျောက်စေခြင်း၊ လောင်စာဆီသုံးယာဉ်များ Vahicle ၏ မောင်းနှင်အသုံးပြုနိုင်ရန် အင်အားဖြစ်ပေါ်ရေးအတွက် လောင်ကျွမ်းမှုမှ ထွက်ပေါ်လာသော အဆိပ်ဓာတ်ငွေ့ ကာဗွန်ဒိုင်အောက်ဆိုက်ကြောင့် လူ၊ သတ္တဝါများနှင့် သစ်ပင်များ ထိခိုက်ပျက်စီး သေကျေကြရမှု လွတ်ကင်းစေခြင်း၊ EV ယာဉ်များ သွားလာရာတွင် ICE ယာဉ်များကဲ့သို့ ဆူညံသံမဖြစ်ပေါ်စေခြင်းနှင့် EV ယာဉ်များတည်ဆောက်မှုတွင် Induction Motor & Inverter စသော နည်းပါးသည့် အစိတ်အပိုင်းများဖြင့်သာ ပေါ့ပါးစွာ စုဖွဲ့တည်ဆောက်ထားသဖြင့် ပျက်စီးချို့ယွင်းနိုင်မှုနည်းပါး၍ ပြုပြင်ထိန်းသိမ်းရန် လွယ်ကူသောကြောင့် ယာဉ်ပြုပြင်ထိန်းသိမ်းစရိတ်များစွာ လျော့နည်းစေ**





# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇၄၄ ဦး တွေ့ရှိ၊ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း ၄၅၃၄၀၇ ဦးရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၃-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၂-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၃-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း**(၁၉,၇၇၅)**ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၇၄၄)ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၄,၁၈၈,၂၀၂)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၅၃,၄၀၇)ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၆၉၆) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၀၆,၁၇၅)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၇၇) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၇,၃၄၃) ဦးရှိပါသည်။

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၂၃-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅၄၁)ခု | (၇၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၅)ခု | (၁၃)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၈၉)ခု | (၇)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၁၂)ခု | (၂၇)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၆၄)ခု | (၁၇)ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင်၁၀၀) | (၂၆)ခု | (၂)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၄၈)ခု | (၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၀၈)ခု | (၁၄၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၇,၃၂၂)ခု | (၁,၄၅၇)ဦး |
| စုစုပေါင်း | (၁၉,၇၇၅)ခု | (၁,၇၄၄)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၃၄၀၄၈၇၇ | ၃၂၉၄၇၈၅၄ | ၆၉၉၇၄၈ |
| ၂။ | အိန္ဒိယ | ၃၃၅၆၇၁၉၂ | ၃၂၈၀၅၇၃၁ | ၄၄၆၁၂၇ |
| ၃။ | ဘရာဇီး | ၂၁၂၈၃၅၆၇ | ၂၀၂၉၅၅၃၈ | ၅၉၂၃၅၇ |
| ၄။ | ဗြိတိန် | ၇၅၃၀၁၀၃ | ၆၀၇၅၇၃၃ | ၁၃၅၆၂၁ |
| ၅။ | ရုရှား | ၇၃၅၄၉၉၅ | ၆၅၅၈၇၈၀ | ၂၀၁၄၄၅ |
| ၆။ | ပြင်သစ် | ၆၉၇၁၄၉၃ | ၆၆၈၂၉၈၉ | ၁၁၆၃၀၉ |
| ၇။ | တူရကီ | ၆၉၃၂၄၅၃ | ၆၄၁၁၄၇၆ | ၆၂၃၀၇ |
| ၈။ | အီရန် | ၅၄၉၃၅၉၁ | ၄၈၇၂၈၆၅ | ၁၁၈၅၀၈ |
| ၉။ | အာဂျင်တီးနား | ၅၂၄၅၂၆၅ | ၅၁၀၂၆၉၉ | ၁၁၄၆၈၄ |
| ၁၀။ | ကိုလံဘီယာ | ၄၉၄၅၂၀၃ | ၄၇၈၄၇၄၉ | ၁၂၆၀၀၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၀၁၅၅၉ | ၄၀၁၂၄၄၈ | ၁၄၁၁၁၄ |
| ၂။ | ဖိလစ်ပိုင် | ၂၄၃၄၇၅၃ | ၂၂၃၁၅၅၈ | ၃၇၄၀၅ |
| ၃။ | မလေးရှား | ၂၁၄၂၉၂၄ | ၁၉၁၇၀၈၅ | ၂၄၅၆၅ |
| ၄။ | ထိုင်း | ၁၅၂၄၆၁၃ | ၁၃၈၀၃၆၂ | ၁၅၈၈၄ |
| ၅။ | ဗီယက်နမ် | ၇၂၈၄၃၅ | ၄၉၃၄၈၈ | ၁၈၀၁၇ |
| ၆။ | မြန်မာ | ၄၅၃၄၀၇ | ၄၀၆၁၇၅ | ၁၇၃၄၃ |
| ၇။ | ကမ္ဘောဒီးယား | ၁၀၆၆၁၉ | ၉၉၁၃၄ | ၂၁၇၆ |
| ၈။ | စင်ကာပူ | ၈၁၃၅၆ | ၇၂၀၉၀ | ၆၈ |
| ၉။ | လာအို | ၂၀၆၄၆ | ၁၅၇၆၆ | ၁၆ |
| ၁၀။ | ဘရူနိုင်း | ၅၅၈၆ | ၃၇၇၀ | ၃၁ |

## မိုင်းခုတ်မြို့ ဝမ်ကောင်း စစ်ဆေးရေးဂိတ်၌ ကိုဗစ်-၁၉ ရောဂါ နေ့စဉ်စစ်ဆေးဆောင်ရွက်

**မိုင်းခုတ် စက်တင်ဘာ ၂၃**


ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခုတ်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူများ၏ ပူးပေါင်းအားဖြင့် အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် မြို့အဝင်၊ အထွက် ဂိတ်များထားရှိပြီး လူဝင်၊ လူထွက်များအား နေ့စဉ်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျိုင်းတုံ-မိုင်းခုတ်-မိုင်းဆတ်လမ်း မိုင်းခုတ်မြို့အဝင် ဝမ်ကောင်း ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးဂိတ်ကိုထားရှိပြီး ကျိုင်းတုံဘက်မှ လာသည့် ကုန်တင်ယာဉ်များ ခရီးသွားပြည်သူများအား စစ်ဆေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် ကိုဗစ်-၁၉ ရောဂါပိုးမရှိကြောင်း RDT Test Kit ဖြင့် စစ်ဆေးပြီးကြောင်း ထောက်ခံချက်ပါရှိသူများကိုသာ မြို့အတွင်းသို့ ဝင်ရောက်ခွင့်ပြုပြီး ထောက်ခံချက်မပါရှိသူများအား ဝမ်ကောင်း ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးဂိတ်တွင် ကျန်းမာရေးဝန်ထမ်းများက RDT Test Kit ဖြင့် စစ်ဆေးပေးနေကြောင်း သိရသည်။

အဆိုပါစစ်ဆေးရေးဂိတ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေး၊ တပ်မတော်ဆေးအဖွဲ့၊ ရဲတပ်ဖွဲ့၊ မီးသတ်နှင့် ဌာနဆိုင်ရာများက ပူးပေါင်းပါဝင်ပြီး နေ့စဉ်ပိတ်ရက်မရှိ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိသည်။**အားချာ(ပြန်/ဆက်)**



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

"ဒါဖြင့်ရင် ဘီအိုစီဟာ အတော်ဆိုးတာပဲနော် ကိုကို"

"ဒါပေါ့ ညီမ။ သူ့အရိပ်လည်းနေ သူ့အခက်လည်းချိုး ဆိုတာထက်တောင် ဆိုးပါသေးတယ်ကွယ်။ သူတို့ဟာ အလုပ်သမားတွေရဲ့ဆန္ဒကို မလိုက်လျောတဲ့အပြင်၊ သပိတ်ကို နည်းအမျိုးမျိုးနဲ့ ဖြိုခွဲဖို့ကြိုးစားနေကြတယ်။ ချောက်က အလုပ်သမားထုရဲ့ သပိတ်ဟာ ညတွင်းချင်းမှာပဲ လမ်းရှာ၊ ရေနံကြတ်နဲ့ ရေနံချောင်းကို ကူးစက်ပျံ့နှံ့သွားတယ်။ အစိုးရက သူတို့ခနရှင်ကုမ္ပဏီကိုပင်းပြီး အကာအကွယ်ပေးတယ်။ မကွေးစီရင်စု ရာဇဝတ်တရားသူကြီး စူလာဝပ်က ချောက်ရေနံမြေမှာ ပုဒ်မ တစ်ရာ့ဆယ့်လေး ထုတ်ပြန်ပေးတယ်။ လူမစုဝေးရ၊ မစည်းရုံးရဆိုတဲ့ ဥပဒေပေါ့။ တစ်ခါ ရေနံဝန်ကလည်း ရေနံမြေ၌ လက်နက်မကိုင်ဆောင်ရ အမိန့်ကို ထုတ်ပြန်ပေးပြန်တယ်။ ဒါကြောင့်ပဲ အဲဒီအမိန့်ပုဒ်မတွေနဲ့ လွတ်ကင်းတဲ့နယ်မြေဖြစ်တဲ့ ချောက်မြို့တောင်ဘက်က အေးစေတီကို သပိတ်မှောက် အလုပ်သမားတွေရှေ့မှာ အမျိုးသမီးသုံးရာကျော်က ဦးဆောင်ပြီး ပန်းကပ် ဆုတောင်းပွဲလုပ်ဖို့ ဦးဆောင်ချီတက်ကြတယ်။ ဈေးအရှေ့ဘက်ကိုရောက်တော့ မျက်နှာဖြူ တိုက်ပိုင် ရဲဝန်ဆိုဟန်ဆင်းဟာ တုတ်နဲ့ လက်နက်ကိုင် ပုလိပ်တပ်ဖွဲ့နဲ့ ရှေ့က တားတော့တာပဲ။ အဲဒီလိုတားတော့ သခင်မ မအေးက "ဘုရားပန်းကပ်သွားတာ တားဖို့မလိုဘူး၊ နိုင်ငံရေးလုပ်တာ မဟုတ်ဘူး။ ရှင်တို့လိုက်ချင် လိုက်နိုင်သေးတယ်" လို့ ပြောတယ်။ ပုလိပ်တွေ အကြားက တိုးထွက်တယ်။ တိုက်ပိုင်ဆိုဟန်ဆင်းက သခင်မ မအေးရဲ့ လက်ကို လှမ်းဆွဲတယ်။ သခင်မ မအေးက တိုက်ပိုင်ကိုပါးဆွဲရိုက်လိုက်တာပေါ့။ သခင်မ မအေးလည်း အဖမ်းခံရတယ်။ အဲဒီမှာ သခင်မဒေါ်ဆယ်ကလည်း မျက်နှာဖြူ ရာဇဝတ်ဝန်ထောက်ကို ပါးရိုက်ပြီး ခြေသလုံးမွေး ပိုင်းနုတ်တဲ့အတွက် သခင်မ ဒေါ်ဆယ်လည်းအဖမ်းခံရသတဲ့။

"သခင်မ မအေးနဲ့ ဒေါ်ဆယ်ကို ဝတ္တရားနှောင့်ယှက်မှုနဲ့ အစိုးရက အမှုဖွင့်တယ်။ သခင်မ မအေးကလည်း ဘာသာရေးနှောင့်ယှက်မှုနဲ့ အမှုပြန်ဖွင့်တယ်။ ရုံးမှာ ရင်ဆိုင်တော့ မျက်နှာဖြူ ရာဇဝတ်ဝန်ထောက်က အဲဒီကိစ္စမှာ ဘာမှမသိဆိုတာနဲ့ ဒေါ်ဆယ်လွတ်သွားတယ်။ သခင်မ မအေးကိုတော့ တိုက်ပိုင်ဆိုဟန်ဆင်းရဲ့ သက်သေခံချက်နဲ့ အစိုးရက ဒဏ်ငွေတစ်ရာရိုက်တယ်။ ဘာသာရေးနှောင့်ယှက်မှုအတွက်လည်း သခင်မ မအေးကို ငွေတစ်ရာပေးလျော်စေလို့ ရုံးကအမိန့်ချတယ်။

"သခင်မ မအေးကို ဒဏ်ငွေရိုက်တော့ ပေးစရာငွေမရှိဘူးလို့ သခင်မ မအေးကပြောတယ်။ အဲဒီအခါမှာ ရေနံဝန် မစ္စတာဂလပ်စီက သခင်မ မအေးရဲ့ အမှုအတွက် ရထိုက်တဲ့ငွေတစ်ရာကို ထုတ်ပေးဖို့ ဘိလပ်စာရေးကို ပြောတယ်။ ငွေတစ်ရာလည်း လက်ထဲရောက်ကရော သခင်မ မအေးက ဒဏ်ငွေမဆောင်နိုင်ဘူး။ လက်ဆွဲလို့ ပါးရိုက်တာ လို့ဆိုတယ်။ ပို့ချင်တဲ့ထောင် ပို့လို့ပြောတယ်။ တရားရုံးမှာ လာနားထောင်နေတဲ့လူတွေဘက်ကို "သခင်မျိုးဟေ့"လို့ တိုင်ပေးလိုက်တယ် ဆိုရင်ပဲ လူထုကြီးက "တို့ဗမာ တို့ဗမာ" လို့ တစ်ခဲနက် ကြွေးကြော်ကြတယ်။ သခင်မ မအေးဟာ ရဲရဲတောက်ထောင် နန်းစံမိန့်ခွန်းပြောပြီး ထောင်အကျခံသွားတယ်"

"အာဂသတ္တိပဲနော် ကိုကို"

"ဒါပေါ့ ညီမ။ အဲဒီနောက်မှာ ဘီအိုစီ ကုမ္ပဏီနဲ့ ခနရှင် လက်ပါးစေအစိုးရတို့က သပိတ်ကို အမျိုးမျိုးဖြိုခွဲဖို့ ကြိုးစားကြတယ်။ သပိတ်တားတဲ့အမျိုးသမီးနဲ့ အမျိုးသားတွေကို ပုလိပ်တွေနဲ့ တရကြမ်းဖမ်းတယ်။ ဆံပင်ဆွဲပြီး ပေတစ်ရာလမ်းပေါ်မှာ ဒရွတ်တိုက်ဆွဲတယ်။ မော်တော်ကားတွေပေါ်ကို ပစ်တင်တယ်။ အမျိုးသား အမျိုးသမီးတစ်ရာကျော်ကို ဖမ်းဆီးထားတယ်။ ဒါပေမဲ့ သပိတ်တားတဲ့လူတွေက နောက်မတွန့်ခဲ့ကြဘူး။ နေပူလို့ အရည်ပျော်နေတဲ့ ကတ္တရာလမ်းပေါ်မှာ အဝတ်ခင်းပြီး လှဲအိပ် ဆန္ဒပြကြတယ်။ အဖမ်းအဆီးများလွန်းလို့ လွှတ်တော်မှာတောင် အမတ်သခင်မြက လွှတ်တော်ရှေ့ဆိုင်းရေး အဆိုတင်ရတယ်"

ခင်ခင်ကြီးသည် ကိုကို၏စကားမဆုံးမီ ဖြတ်ပြောမိပြန်သည်။

"ကြည့်ပါဦး ကိုကိုရယ်။ ဒါတွေသာဖြစ်နေတယ်။ ခင်ကြီး ဒီအကြောင်းတွေကို အခုမှသိရတာ အံ့သြစရာမကောင်းဘူးလား။ ဒါဟာ ဖေဖေကြောင့်ပဲ ကိုကို။ ဖေဖေဟာ ခင်ကြီးကို အလှမွေးထားတဲ့ ကြက်တူရွေး တစ်ကောင်လောက်ပဲ သဘောထားတယ်။ လှောင်ချိုင့်ထဲမှာ ထည့်ထားချင်တယ်။ ခင်ကြီးဟာ အပြင်လောကနဲ့ အဆက်ပြတ်နေခဲ့တယ် ကိုကို။ ကဲ အဲဒီနောက်ဘာတွေဖြစ်ကြသေးသလဲ ဆက်ပြောပါဦး"

"အဲဒီနောက်မှာတော့ ရေနံမြေသပိတ်ကို တစ်တိုင်းပြည်လုံးက စိတ်ဝင်စားလာကြတယ်။ တို့ဗမာအစည်းအရုံး ဌာနချုပ်ရဲ့ လှုံ့ဆော်မှုကြောင့် ငွေကြေး၊ ရိက္ခာ အကူအညီတွေနဲ့ စိတ်ဓာတ်အကူအညီတွေ ပေးလာကြတယ်။ ဒီမှာတင် ဗြိတိသျှအစိုးရဟာ ကြောက်ဒူးတုန်လာတယ်။ လူထုရဲ့အာရုံကို လမ်းပြောင်းပစ်ဖို့နဲ့ သပိတ်အတွင်းမှာ စည်းလုံးညီညွတ်နေကြတဲ့ တိုင်းရင်းသားနဲ့ နိုင်ငံခြား အလုပ်သမားတွေ သွေးခွဲပစ်ဖို့ လူမျိုးရေး အဓိကရုဏ်းကြီးကို ဖန်တီးပေးခဲ့တယ်။ ဇူလိုင်လကတည်းက ရန်ကုန်မှာ ဗမာမူဆလင် အဓိကရုဏ်းကြီးဖြစ်လိုက်တာ လူပေါင်း နှစ်ရာ့လေးဆယ်သေပြီး တစ်ထောင်နီးပါး ဒဏ်ရာရတယ်။ အဲဒီအဓိကရုဏ်းဟာ ရေနံမြေကိုလည်း ကူးစက်လာတယ်။ လူတွေရဲ့အာရုံဟာ တစ်ဖက်ကို ပြောင်းသွားရတာပေါ့။ သပိတ်မှောက် လုပ်သားတွေအဖို့လည်း အလုပ်မလုပ်ရတဲ့ရက်တွေကြာလာတော့ ဝင်ငွေကမရှိ။ စားစရာမရှိ ဖြစ်ရတယ်။ ဒီအထဲ ဘီအိုစီကုမ္ပဏီဟာ အလုပ်သမားတွေကို ရက်ရက်စက်စက် ကျွဲတွေ နွားတွေလို နေနေတဲ့ အိမ်တန်းလျားတွေထဲကနေ ဆွဲချပစ်ကြတယ်။ သူတို့ရဲ့ အလိုတော်ရိတွေနဲ့ မြှူဆွယ်ပြီး အလုပ်သမားထုအတွင်းမှာ ဖြားယောင်းသွေးခွဲတယ်။ သပိတ်မရှိတော့ဘူးလို့တောင် အထက်ကို အစီရင်ခံထားတယ်ဆိုပဲ"

"ဒီတော့ ဘယ်လိုလုပ်မလဲ ကိုကို"

"သပိတ်တပ်သားတွေဟာ အလွယ်တကူတော့ အလျှော့ပေးကြမှာ မဟုတ်ဘူး။ တစ်စုံတစ်ခုတော့ လုပ်ကြလိမ့်မယ်ထင်တယ်။ ခက်တာက သူတို့ကို မှီခိုနေတဲ့ မိသားစုတွေပေါ့။ အဝင်းတို့လိုလူတွေပေါ့။ အဝင်းဆိုရင် အခု ကျောင်းထွက်ရမယ့် ကိန်းဆိုက်နေပြီ။ ဈေးရောင်းရ မယ့်ကိန်းဆိုက်နေပြီ။ သပိတ်ကိစ္စဟာ ဘယ်တော့မှ ပြီးမယ်လို့ မသေချာတာနဲ့အမျှ သူတို့ရဲ့ နေ့ခင်းရေးဟာလည်း မရေရာဘူး"

"ဒီတော့ ကိုကိုက မမဝင်းရီနဲ့ ပတ်သက်လို့ ဘာလုပ်စေချင်သလဲဟင်"

"အခုပဲ ကိုကိုပြောလိုက်တယ်လေ။ အကူအညီလိုရင် ညီမဆီမှာ တောင်းဖို့ပေါ့။ လိုအပ်တဲ့အကူအညီကလည်း ငွေကြေးပဲဖြစ်မှာပါ။ ညီမအနေနဲ့ သူတို့လိုအပ်တဲ့ အခါပေးဖို့ပါ"

"ဒါတော့ စိတ်ချပါ ကိုကို။ ကိုယ့်ယောက်မလောင်းပဲဟာနော်၊ ကူညီရမှာပေါ့ မဟုတ်လား ကိုကို"

ခင်ခင်ကြီး၏စကားကို ကိုကိုက သဘောကျသလို ရယ်သည်။

သို့နှင့်ပင် သူတို့ စကားပြတ်သွားသည့်အခါ ရှေ့မှာ "ရေနံ့သာ"ကို တွေ့လိုက်ကြရပါသည်။

x x x x x

[၅]

ပင်းဘုရားပွဲတော်သည် ထိုနှစ်ကလည်း အခါတိုင်းနှစ်များကလိုပင် စည်ကားမြဲ စည်ကားသည်။ သိုက်မြိုက်မြဲ သိုက်မြိုက်သည်။

ကျီးမနိုးမီ၊ မိုးမလင်းမီကတည်းက ပွဲတော်သို့သွားရန် တစ်မြို့လုံးလှုပ်လှုပ်ရွရွ အုတ်အုတ်ကျက်ကျက် ရှိနေကြပေပြီ။

ရေနံ့သာတွင်လည်း အများနည်းတူပင် လှုပ်လှုပ်ရွရွဖြစ်နေသည်။

ခင်ခင်ကြီးသည် တစ်ညလုံး အိပ်မအိပ်ပါလေစထင်ရသည်။ ညဦးပိုင်းကဆိုလျှင် မနက်ဖက်တွင် ဝတ်ရမည့် အဝတ်အဆင်များကို ရွေးချယ်ရသည်မှာ အမောတကောပင်။ တစ်စုံနှစ်စုံနှင့် အားမရ၊ ရှိသမျှ အဝတ်အစားများကို ဖွကာ မွှေနှောက်ရာသည်။ ဆယ့်နှစ်နာရီလောက်ကျမှ အဝတ်တစ်စုံကို ရှာတွေ့သည်။ သို့တိုင်အောင် စိတ်တိုင်းအကျကြီးမဟုတ်သေး။

နံနက်ပိုင်းကျတော့ တစ်အိမ်လုံး မည်သူမှျမနိုးခင် ခင်ခင်ကြီး အလျင်နိုးသည်။ အိပ်ရာမှ အလျင်ထသည်။

ခင်ခင်ကြီးနိုးလာပြီဆိုလျှင် မည်သူမျှ မအိပ်ရတော့။ အိမ်အစေခံ မလုံးတင်တို့၊ ကိုထွန်းခင်တို့မှအစ ဘွားဘွား မေမေနှင့် ကိုကိုတို့ကိုပါ နှိုးသည်။ ဘွားဘွားကို ဆိုလျှင် တစ်ကြိမ်က သူမအား နှိုးခဲ့သလိုနှိုးသည်။ စောင်ကို ခြုံထားရာမှ ဆွဲယူ၍ နှိုးနည်းမျိုးဖြစ်သည်။

ကိုကိုသည် အိပ်ရာမှ မထချင်သေး၊ ခင်ခင်ကြီးက ရေစိုသောလက်ဖြင့် မျက်နှာကို အုပ်ကိုင်လိုက်လေမှပင် လုံးဝဥသုံ အိပ်ရာမှ နိုးခဲ့ရသည်။ ညည်းညည်းညူညူနှင့်ပင် အိပ်ရာမှ ထရသည်။

နံနက်စောစော ချမ်းချမ်းစီးစီးမှာပင် ခင်ခင်ကြီး ရေချိုးသည်။ မလုံးတင်ကို သနပ်ခါးသွေးခိုင်းသည်။ ဘွားဘွားကိုတော့ ဆံပင်အပြုပြင်ခိုင်းရသည်။ မေမေသည် ခင်ခင်ကြီး၏အင်္ကျီကို ကြယ်သီးတပ်ပေးနေရသည်။ သို့ဖြင့် တစ်အိမ်လုံးလိုလို ခင်ခင်ကြီး တစ်ယောက်အတွက် မအားရ၊ မနားရ။

**နံနက်စောစော ချမ်းချမ်းစီးစီးမှာပင် ခင်ခင်ကြီး ရေချိုးသည်။**
**မလုံးတင်ကို သနပ်ခါးသွေးခိုင်းသည်။**
**ဘွားဘွားကိုတော့ ဆံပင်အပြုပြင်ခိုင်းရသည်။**
**မေမေသည် ခင်ခင်ကြီး၏အင်္ကျီကို ကြယ်သီးတပ်ပေးနေရသည်။**
**သို့ဖြင့် တစ်အိမ်လုံးလိုလို ခင်ခင်ကြီး တစ်ယောက်အတွက် မအားရ၊ မနားရ။**

သည်အကြားမှ စိတ်ကြိုက်မတွေ့ဘူးဆိုလျှင် ငြူစူသည်။ ဆောင့်အောင့်သည်။ လုပ်ပေးနေသူတွေနှင့်ပင် လှည့်၍ ရန်ဖြစ်လိုက်သေးသည်။

ဘွားဘွားကတော့ မျက်စောင်းတခဲခဲနှင့်။

"မိခင်ကြီး ညည်းသွားမှာက ဘုရားပွဲ။ ဖုန်တော သဲတောထဲ သွားမှာ။ တော်ရုံတန်ရုံလောက်ရှိရင် တော်ရောပေါ့ "

ဘွားဘွား၏စကားကို ခင်ခင်ကြီး မကျေနပ်၊ နှုတ်လှန်ထိုးသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

## ဝက်စ်ဟမ်းကို ရှုံးပြီး ကာရာဘောင်ဖလားပြိုင်ပွဲကနေ မန်ယူထွက်ခဲ့ရပြီး ချယ်လ်ဆီး၊ လက်စတာနဲ့ စပါးအသင်းတို့ ၁၆ သင်းအဆင့် တက်လှမ်း

မန်ယူအသင်းဟာ ကာရာဘောင်ဖလားပွဲစဉ်အဖြစ် စက်တင်ဘာ ၂၂ ရက်ညပိုင်းက ဝက်စ်ဟမ်းအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာမှာ ဝက်စ်ဟမ်းအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပြိုင်ပွဲကနေထွက်ခဲ့ရပြီ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ မန်ယူအသင်းဟာ ဝက်စ်ဟမ်းအသင်းကို အိမ်ကွင်းအိုးထရက်ဖို့ဒ်မှာ ဧည့်ခံကစားခဲ့ရပေမယ့် တိုက်စစ်မှူး လန်ဇီနီရဲ့ ပထမပိုင်းပွဲကစားချိန် ကိုးမိနစ်မှာ သွင်းယူခဲ့တဲ့ သွင်းဂိုးကို ခွင့်ပြုပေးလိုက်ရတာကြောင့် တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တာ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းနဲ့ အက်စ်တွန်ဗီလာအသင်းတို့ပွဲစဉ်မှာ သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူရာမှာတော့ ချယ်လ်ဆီးအသင်းက အက်စ်တွန်ဗီလာအသင်းကို လေးဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

လက်စတာစီးတီးအသင်းနဲ့ မီဝေါလ်အသင်းတို့ပွဲစဉ်မှာတော့ လက်စတာစီးတီးအသင်းက နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပြီး အာဆင်နယ်အသင်းနဲ့ ဝင်ဘယ်ဒန် အသင်းတို့ပွဲစဉ်မှာတော့ အာဆင်နယ်အသင်းက သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

စပါးအသင်းနဲ့ ဝုလ်ဗက်အသင်းတို့ပွဲစဉ်မှာ သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ပင်နယ်တီအဆုံးအဖြတ်ခံယူရာမှာတော့ စပါးအသင်းက သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ဘရိုက်တန်အသင်းနဲ့ ဆွမ်ဆီးအသင်းတို့ပွဲစဉ်မှာ ဘရိုက်တန်အသင်းက ဆွမ်ဆီးအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။





## စီးရီးအေပွဲစဉ်(၅)ရောက်မှ နိုင်ပွဲစတင်ရရှိခဲ့တဲ့ ဂျူဗင်တပ်

အီတလီစီးရီးအေရဲ့ နာမည်ကြီးအသင်းဖြစ်တဲ့ ဂျူဗင်တပ်အသင်းဟာ အီတလီစီးရီးအေ အဖွင့်ပွဲစဉ်လေးပွဲမှာ နိုင်ပွဲပျောက်ဆုံးခဲ့ပြီး စက်တင်ဘာ ၂၂ ရက်ညပိုင်းမှာ စပီဇီယာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ အီတလီစီးရီးအေ ပွဲစဉ်(၅)မှာ သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် နိုင်ပွဲစတင်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဂျူဗင်တပ်အသင်းအတွက် သွင်းဂိုးတွေကို မွိုက်ကီယန်၊ ချီဆာနဲ့ ဒီလစ်တို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ဂျူဗင်တပ်အသင်းဟာ အခုပွဲစဉ်မတိုင်မီ လေးပွဲကစားခဲ့ရာမှာ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်နဲ့ ရမှတ်နှစ်မှတ်သာ ရရှိခဲ့ပေမယ့် အခုပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် စီးရီးအေငါးပွဲကစားအပြီးမှာ ရမှတ်ငါးမှတ် အထိ စုဆောင်းနိုင်ခဲ့တာဖြစ်ပါတယ်။

အီတလီစီးရီးအေပြိုင်ပွဲမှာ အင်တာမီလန်အသင်းက ငါးပွဲကစားအပြီးမှာ ရှုံးပွဲမရှိစံချိန်နဲ့အတူ ရမှတ် ၁၃ မှတ်အထိရရှိထားတာဖြစ်ပြီး ဂျူဗင်တပ်အသင်းကတော့ အီတလီစီးရီးအေအမှတ်ပေးဇယားရဲ့ အဆင့် ၁၂ နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

## ဂျူဗင်တပ်နောက်ခံလူ ဒီလစ်ကို ပေါင် ၁၀၃ သန်းပေးပြီး ခေါ်ယူမယ်ဆိုတဲ့ ချယ်လ်ဆီး

လက်ရှိပရီမီယာလိဂ်အမှတ်ပေးဇယားမှာ ထိပ်ဆုံးကနေဦးဆောင်နေတဲ့ ချယ်လ်ဆီးအသင်းဟာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ဆီဗီလာနောက်တန်းကစားသမား ကွန်ဒီကို မခေါ်ယူနိုင်ခဲ့တာကြောင့် လာမယ့်ဇန်နဝါရီအပြောင်းအရွှေ့ ကာလအတွင်းမှာ ဂျူဗင်တပ်အသင်း နောက်တန်းကစားသမား ဒီလစ်ကို ပြောင်းရွှေ့ကြေးပေါင် ၁၀၃ သန်းပေးပြီးခေါ်ယူသွားဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

လက်ရှိချန်ပီယံလိဂ်ချန်ပီယံချယ်လ်ဆီးအသင်းအနေနဲ့ နောက်ခံလူ ကွန်ဒီကို ပြောင်းရွှေ့ကြေးပေါင် ၄၃ သန်းနဲ့ ကမ်းလှမ်းခဲ့ပေမယ့် ဆီဗီလာအသင်းက ပြောင်းရွှေ့ကြေးပေါင် ၆၈ သန်းသတ်မှတ်ခဲ့တာကြောင့် မခေါ်ယူနိုင်ခဲ့တာဖြစ်ပါတယ်။




လက်ရှိမှာတော့ ချယ်လ်ဆီးအသင်းနည်းပြ တူချယ်ဟာ နယ်သာလန်ကြယ်ပွင့်ကစားသမား ဒီလစ်ကို အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းဆီကနေ ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပြီး ဒီလစ်ဟာ ဂျူဗင်တပ်အသင်းမှာ အကောင်းဆုံးခြေစွမ်းပြကစားထားနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။

အဲဒီလို စွမ်းဆောင်ရည်ကောင်းတွေပြသနိုင်ခဲ့တာကြောင့် ဂျူဗင်တပ်အသင်းကလည်း အသက် ၂၂ နှစ်အရွယ်ရှိ နောက်တန်းကစားသမားဒီလစ်ကို စာချုပ်သစ်ချုပ်ဆိုဖို့ စီစဉ်နေပြီး ဂျူဗင်တပ်အသင်းဟာ ၂၀၁၉ ခုနှစ်အတွင်းက အေဂျက်အသင်းကနေ ဒီလစ်ကို ပြောင်းရွှေ့ကြေးပေါင် ၆၇ ဒသမ ၈ သန်းအထိပေးပြီးခေါ်ယူခဲ့ရတာ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းနည်းပြ တူချယ်ဟာ ပြီးခဲ့တဲ့နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ပီအက်စ်ဂျီအသင်း နောက်တန်းကစားသမား မာကွင်ဟိုကို ပြောင်းရွှေ့ကြေးပေါင် ၈၅ သန်းအထိ ပေးပြီးခေါ်ယူဖို့ ကမ်းလှမ်းခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးအသင်းရဲ့ ကမ်းလှမ်းမှုကို ပီအက်စ်ဂျီအသင်းက ငြင်းဆိုခဲ့တာ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ နွေရာသီဈေးကွက်အတွင်းက နောက်ခံလူ ဇူးမားကို ပြောင်းရွှေ့ကြေးပေါင် ၂၉ ဒသမ ၈ သန်းနဲ့ ဝက်စ်ဟမ်းအသင်းဆီ မရောင်းချမီကတည်းက ခြေစွမ်းကောင်းပြသနိုင်တဲ့ နောက်တန်းကစားသမားတစ်ဦးကို ခေါ်ယူဖို့စီစဉ်နေတာ ဖြစ်ပါတယ်။

လက်ရှိချယ်လ်ဆီးအသင်းရဲ့ နောက်တန်းမှာ အားထားရတဲ့ ရူဒီဂျာ၊ ခရစ်တန်ဆန်တို့လို ကစားသမားတွေရှိနေခဲ့ပေမယ့် အဲဒီကစားသမားတွေအနေနဲ့ စတမ်းဖို့ဒ်ဘရစ်ချ်ကနေ ထွက်ခွာသွားမှာကို နည်းပြတူချယ်အနေနဲ့ စိုးရိမ်နေတာဖြစ်ပါတယ်။ ဒါကြောင့် ချယ်လ်ဆီးအသင်းဟာ ခရစ်တန်ဆန်ကို တစ်ပတ်လုပ်ခလစာပေါင် ၁၂၀၀၀၀၊ ရူဒီဂျာကို တစ်ပတ်လုပ်ခလစာပေါင် နှစ်သိန်းနဲ့ စာချုပ်သစ်ချုပ်ဆိုဖို့ စီစဉ်နေတာဖြစ်ပါတယ်။




## ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံဦးမှာမဟုတ်ဘူးလို့ ထုတ်ဖော်ပြောကြားလာတဲ့ တိုင်ဆန်ဖူရီ

ဗြိတိန်ရဲ့ ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား တိုင်ဆန်ဖူရီဟာ အောက်တိုဘာ ၉ ရက်မှာ အမေရိကန်လက်ဝှေ့ကျော် ဝိုင်ဒါနဲ့ ယှဉ်ပြိုင်ထိုးသတ်မှာဖြစ်ပြီး အဲဒီပြိုင်ပွဲပြီးဆုံးတဲ့အချိန်အထိတိုင်အောင် ဒုတိယအကြိမ်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထိုးနှံဦးမှာမဟုတ်ဘူးလို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

တိုင်ဆန်ဖူရီဟာ ဝိုင်ဒါနဲ့ ဇူလိုင် ၂၄ ရက်ကတည်းက ယှဉ်ပြိုင်ထိုးသတ်ရမှာဖြစ်ပေမယ့် ကိုဗစ်-၁၉ ရောဂါကူးစက်ခဲ့တာကြောင့် ပြိုင်ပွဲကို ရွှေ့ဆိုင်းခဲ့ရတာဖြစ်ပါတယ်။ အသက် ၃၃ နှစ်အရွယ် တိုင်ဆန်ဖူရီဟာ လက်ရှိမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးဖြစ်ပေမယ့် ဝိုင်ဒါနဲ့ မယှဉ်ပြိုင်မီ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးလိုက်ရတာကြောင့် ဖြစ်ပေါ်လာမယ့် သူ့ရဲ့အသက်မွေးဝမ်းကျောင်းနဲ့ မိသားစုဝင်ငွေကို မထိခိုက်စေလိုတာကြောင့် ဒုတိယအကြိမ်ကာကွယ်ဆေးမထိုးသေးဘူးလို့ ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။

တိုင်ဆန်ဖူရီနဲ့ ဝိုင်ဒါတို့ဟာ အခုပြိုင်ပွဲမတိုင်မီ နှစ်ကြိမ်တွေ့ဆုံခဲ့ပြီး တစ်ကြိမ်ကပွဲတွဲသရေရလဒ်နဲ့ အဆုံးသတ်ခဲ့ရပေမယ့် ၂၀၂၀ ဖေဖော်ဝါရီလအတွင်းက ပြိုင်ပွဲမှာတော့ အမေရိကန်ပရော်ဖက်ရှင်နယ် လက်ဝှေ့သမား ဝိုင်ဒါကို အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မဟာဗောဓိရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုတော်ခြေကွက်ရပ်ဝန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြောင်း







[illegible]



[illegible]

၁။ [illegible]

၂။ [illegible]

[illegible]

၃။ [illegible] Account Transfer [illegible]

(က) [illegible]

(ခ) [illegible]

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# NUG အကြမ်းဖက်အဖွဲ့အစည်းက အသက်မပြည့်သေးသော လူငယ်များကို ဝါဒမှိုင်းတိုက်၍ ခိုင်းစေမှုကြောင့် ဖောက်ခွဲဖျက်ဆီးမှု တစ်ကြိမ်၊ အကြမ်းဖက်သတ်ဖြတ်မှု သုံးကြိမ် ကျူးလွန်ခဲ့သူ တရားခံ ကိုးဦး ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂၃

**အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသော NUG က အသက်မပြည့်သေးသော လူငယ်များကို ဝါဒမှိုင်းတိုက်၍ ခိုင်းစေမှုကြောင့် ဖောက်ခွဲဖျက်ဆီးမှု တစ်ကြိမ်၊ အကြမ်းဖက်သတ်ဖြတ်မှု သုံးကြိမ် ကျူးလွန်ခဲ့သူ တရားခံ ကိုးဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၀ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၄၉)ရပ်ကွက် ဘုရင့်နောင်လမ်းရှိ ဓမ္မာရုံရှေ့၌ ရပ်တန့်ထားသော ယာဉ်အမှတ် BGO 6R/8847၊ Spark (အဖြူရောင်) ယာဉ်အား မသင်္ကာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးခဲ့ရာ စက်တင်ဘာ ၁၃ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၉)ရပ်ကွက် ဆယ်အိမ်မှူး ဦးနိုင်လင်းကို လုပ်ကြံသတ်ဖြတ်ရာတွင် ပါဝင်သည့် တရားခံများဖြစ်သော ဟိန်းထက်အောင်(ခ)စျာန်ရဲ(၁၉)နှစ်၊ သန့်ဇင်(၁၆)နှစ်နှင့် အောင်ကိုဦး (၁၆)နှစ်တို့ သုံးဦးကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဆက်စပ်တရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက်အတွင်း အောင်အောင်ဦး (၂၁)နှစ်၊ ငြိမ်းချမ်းဖြိုး(ခ)ချမ်းဖြိုး(၂၁)နှစ်၊ အောင်ကိုထွေး(ခ)ဘာဘူ(၁၉)နှစ်၊ **စာမျက်နှာ ၁၅ ကော်လံ ၁ သို့** ✪



တက္ကစီယာဉ်များ မှတ်ပုံတင်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးနေစဉ်။

# ရန်ကုန်တိုင်းဒေသကြီး တက္ကစီယာဉ်၊ စီးတီးတက္ကစီယာဉ်များအား မှတ်ပုံတင်ခြင်းလုပ်ငန်း ရုံးသစ်တွင် အစီးရေ ၂၀၀ ခန့် တစ်ပြိုင်တည်းသက်တမ်းတိုးနိုင်

**ရန်ကုန် စက်တင်ဘာ ၂၃**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၂၉)ရပ်ကွက် ပင်လုံလမ်းမတွင် တည်ရှိသော ရန်ကုန်တိုင်းဒေသကြီး တက္ကစီယာဉ်၊ စီးတီးတက္ကစီယာဉ်များအား မှတ်ပုံတင်ခြင်းလုပ်ငန်းရုံးသစ်တွင် မော်တော်ယာဉ်အစီးရေ ၂၀၀ ခန့် တစ်ပြိုင်တည်း ရပ်နားပြီး သက်တမ်းတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)မှ သိရသည်။

အဆိုပါရုံးသစ်ကို စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC) ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဝင်းတင့်နှင့် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❍

## ဆူဇူကီးဖလားပြိုင်ပွဲ အိမ်ရှင်နိုင်ငံအား ပြန်လည်အတည်ပြုမည်

ရန်ကုန် စက်တင်ဘာ ၂၃

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ဒီဇင်ဘာ ၅ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ ကျင်းပမည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အိမ်ရှင်နိုင်ငံအား ပြန်လည်အတည်ပြုမည်ဖြစ်သည်။ စက်တင်ဘာ ၂၁ ရက်က ပြုလုပ်သည့် အုပ်စုမဲခွဲပွဲတွင် အိမ်ရှင်နိုင်ငံအား အတည်ပြုရန်စီစဉ်ထားသော်လည်း အာဆီယံဘောလုံးအဖွဲ့ချုပ်အနေဖြင့် အတည်ပြုခဲ့ခြင်းမရှိဘဲ အောက်တိုဘာလနှင့် နိုဝင်ဘာလမှသာ အတည်ပြုမည်ဖြစ်သည်။

**စာမျက်နှာ ၂၃ ကော်လံ ၁ သို့** ❑

## ကြေးမုံ ယနေ့ ဖတ်စရာ

**ဖြိတိန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်းနှင့်အတူ ရာသီတုပ်ကွေးရောဂါ ကာကွယ်ဆေးကိုပါ ပူးတွဲထိုးနှံပေးလျက်ရှိ**

စာမျက်နှာ ၁၃

**မင်းတပ်မြို့ရှိ CDF အဖွဲ့များကို ထောက်ပံ့ပေးနေသော အေးငြိမ်းသူထံ လက်နက်ခဲယမ်း၊ ငွေကြေး၊ ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးများ ပို့ဆောင်ပေးနေသူ ကျော်ဒွေး အပါအဝင် သုံးဦး ဖမ်းဆီးရမိ**

စာမျက်နှာ ၁၄

**ဝက်စ်ဟမ်းကို ရှုံးပြီး ကာရာဘောင်ဖလားပြိုင်ပွဲကနေ မန်ယူထွက်ခဲ့ရပြီး ချယ်လ်ဆီး၊ လက်စတာနဲ့ စပါးအသင်းတို့ ၁၆ သင်းအဆင့် တက်လှမ်း**

စာမျက်နှာ ၂၂